အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၀)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး
ချဉ်းကပ်ကားလမ်းရာသီမရွေးသွားနိုင်ရန်နှင့် ခံနိုင်ဝန်အင်အားကောင်းကြိုးတံတားအဖြစ် ပြုပြင်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့မှ နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိရာ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစံရွှေသာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Corporation (Y.M.E.C) ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံများက ကြိုဆိုကြသည်။

ဓာတ်အားဖြန့်ဖြူးသွားမည်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းခန်းမ၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြရာ၌ ရွှေလီမြစ်သည် ရေအားလျှပ်စစ်ထုတ်ရန် အလွန်ကောင်းမွန်သော သဘာဝအနေအထားရှိသည့်မြစ် ဖြစ်ပါကြောင်း။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ပြီး တစ်နှစ်ထုတ်လုပ်မည့် ဓာတ်အားမှာ ကီလိုဝပ် နာရီသန်းပေါင်း ၃၀၂၂ ဖြစ်ပါကြောင်း။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ ကွန်ကရစ်တမံ၊ ရေသွယ်ဥမင်လုပ်ငန်းနှင့် စက်ပစ္စည်းများ တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် *စာမျက်နှာ ၃ ကော်လံ ၁ ●*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

27-2 (1).p65 1 3/24/05, 8:43 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးရေး အထောက်အကူပြု လမ်းနှင့်တံတားများ သတ်မှတ်ချိန်ထက်စောပြီးစီးရေး ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ရပ်ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစွာကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင်နားလည်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြပြီး ငြိမ်းချမ်းရေးရယူခဲ့ကြသည်။ ငြိမ်းချမ်းရေးရယူခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည်လည်း နိုင်ငံတော်၊ ပြည်သူတို့နှင့် လက်တွဲ၍ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာလာသည့်အလျောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်ဖြစ်သော လမ်းနှင့်တံတားများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၁ရက်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူးဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဒုဋ္ဌဝတီတံတား(နောင်ချို)နှင့်စပ်လျဉ်း၍ ရှေ့ဦးစွာ ရှင်းလင်းတင်ပြပြီး တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄) ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဆန်းဝင်းက တံတားဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ သတ်မှတ်ကာလပြီးစီးအောင် စတင်ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းကဲ့သို့ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက-

"ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ကို ပေါင်းကူးဆက်စပ်ပေးသောလမ်းများအနက် ခရီးမိုင်အတိုဆုံးလမ်းဖြစ်ကြောင်း၊ ဤလမ်းပေါ်၌ ဒုဋ္ဌဝတီမြစ်ကူးတံတားကို တည်ဆောက်မည်ဖြစ်ရာ တံတားအရွယ်အစား ငယ်သော်လည်း အစစသတိထား၍ ခိုင်ခံ့အောင်၊ သတ်မှတ်ချိန်ထက်စောပြီးအောင် ကြိုးပမ်းတည်ဆောက်သွားကြရန် ဖြစ်ကြောင်း၊ တံတားလုပ်ငန်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးရေးတို့အတွက် အဓိကအရေးပါသော လမ်းပိုင်းအခြေအနေကိုလည်း ပိုမိုချောမွေ့ကောင်းမွန်အောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း" မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်နေမှုကိုလည်းကောင်း၊ ဒုဋ္ဌဝတီမြစ်နှင့် ပတ်ဝန်းကျင် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်သည်။ တံတားကို သံကူကွန်ကရစ်ရက်မကြမ်းခင်း ခြောက်ခန်းနှင့် RPT သံပေါင်တစ်ခန်းတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၄၆၈ ပေရှိမည် ဖြစ်ပြီး ယာဉ်သွားလမ်း အကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိမည် ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန်၆၀ခံနိုင်သည့် တံတားအဖြစ် တည်ဆောက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရန် ပြည်ထောင်စုလမ်းမကြီးပေါင်း ၈၀ နှင့် ပေ ၁၈၀အထက် တံတားကြီးပေါင်း၁၆၈ စင်း အပါအဝင် လမ်းနှင့်တံတားများကို အင်နှင့်အားနှင့် တည်ဆောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုသည့် လမ်းနှင့် တံတားများ ရေရှည်ခိုင်ခံ့စေရန်နှင့် သတ်မှတ်ချိန်ထက်စောပြီးစေရန် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၄၀)ပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ပတ္တမြားရတုစာစောင်ကို မြန်မာနိုင်ငံစီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်းက ပုံနှိပ်ထုတ်ဝေနိုင်ရေး စီစဉ်လျက်ရှိရာ အဆိုပါစာအုပ်တွင် ထည့်သွင်းဖော်ပြသင့်သော ဓာတ်ပုံများ၊ စာမူများ (ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ)စသည်တို့ကို ဖေဖော်ဝါရီလကုန်နောက်ဆုံးထား၍ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်ရုံးခန်းနှင့် ပါမောက္ခ၊ ဌာနမှူးများ ရုံးခန်းများသို့လည်းကောင်း၊ ဒေါက်တာလှမောင် အမှတ် ၅၇/၃ ပြည်ရိပ်သာ ပြည်လမ်း ဖုန်း-၅၃၇၅၀၇ နှင့် ဦးခင်ညို ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ကမာရွတ် ဖုန်း-၅၁၂၁၀၀တို့သို့ လည်းကောင်း အချိန်မီ ဆက်သွယ်ပေးပို့ကြရန်နှင့် ကြော်ငြာများ ထည့်သွင်းလိုပါက ဦးခိုင်ဝင်း ဖုန်း-၂၄၉၁၈၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(က-ပ)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးစိုးမြင့် ဒုတိယပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာဦးဘမြင့် ပါမောက္ခ/ဌာနမှူး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာ ဦးအောင်မွန် ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန

(သတင်းစဉ်)

ညောင်တုန်းဆရာတော်ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ညောင်တုန်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားကြီးငါးဆူ ပူဇော်ခြင်း(တပေါင်းလပြည့်နေ့) မတ် ၅ရက် တွင် သံဃာ၊ သီလရှင် အပါး ၄၀၀ ကျော်တို့အား မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲနှင့် ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသိဝံသအား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ချီးကျူးပူဇော်ပွဲကို မတ်၂၀ရက်တွင် ညောင်တုန်းမြို့နယ် အသင်းက ပါဝင်လှူဒါန်းပူဇော်ကြမည် ဖြစ်ရာ အမှတ်၂၇၅ (ပ-ထပ်) ခုံးကျော်တံတားအနီး၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၀၆ အသင်းတိုက်သို့ မတ် ၂ရက် နောက်ဆုံးထား၍ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သုံးခွ-နံ့ယောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း သုံးခွမြို့နယ် နံ့ယောကျေးရွာတွင် ကျေးဇူးတော်ရှင် အရှင်စန္ဒာသူရိယမဟာမြိုင်ဆရာတော်ကြီး ပြုပြင်တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် မဟာအတုလမာန်အောင်ဆုတောင်းပြည့်စေတီတော်ကြီး၏ သဓာတုကသုဝဏ္ဏ ဆတ္တာရွှေထီးတော်မြတ်ကြီး တင်လှူပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် မဟာသရဏဂုံတော်ကြီးနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊စေတီတော်ရင်ပြင် ပတ်လည်ပြည့် ကျောက်ပြား၊ ကြွေပြားများဆက်ကပ် လှူဒါန်းပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ရက်အထိ ခုနစ်ရက် တိုင်တိုင် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏာလင်္ကာရဦးဆောင်မှုဖြင့်မဟာမြိုင်ဆရာတော်ကြီး၏ တပည့်သားသမီးများဖြစ်သော ဗိုလ်မှူးကြီးတင်သိန်းလူ(ငြိမ်း)ဇနီး ဒေါ်ခင်ခင်စုမိသားစုနှင့် အလှူရှင်များက စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

(က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၂၀ ရက်က ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ရာဇာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြက ဆုချီးမြှင့်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၂၁ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမက (၆) တွင် ၂၀၀၂-၂၀၀၃ ခုနှစ် မိဘ ဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆု၊ မြို့နယ်ကျောင်းပေါင်းစုံ ဘက်စုံပထမဆုရရှိသော မပိုးအိဇင်အား ကျောင်းအုပ်ဆရာကြီးဦးဟန်ဇော်က ဆုချီးမြှင့်စဉ်။ (၁၉၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်း ခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရွှေလီမြစ်သည်ရေအားလျှပ်စစ်ဓာတ်အားထုတ်ရန် အလွန်ကောင်းမွန် တစ်နှစ်လျှင်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀ကျော်ထုတ်နိုင်မည်

● ရှေ့ဖုံးမှ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Y.M.E.C ကုမ္ပဏီတို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်း၏ အကြိုတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိသော ဓာတ်အားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်၍ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း၊ ရွှေလီမှမန္တလေးအထိ မိုင် ၂၃၀ ရှည် ကေဗွီနှစ်ထပ် ဓာတ်အားလိုင်း တည်ဆောက်၍ အခြားဒေသများသို့လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်းနှင့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းအတွက် လမ်းဖောက်လုပ်သွားမည့် အစီအစဉ်များ၊ လမ်းပိုင်းရှိ တံတားတည်ဆောက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရေလွှဲဥမင်လိုဏ်၊ ရေသွယ်ဥမင်လိုဏ်၊ ရေလျှံထိန်းစည်၊ ဖိအားမြင့်ပိုက်လိုင်း၊ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် Y.M.E.C ကုမ္ပဏီတို့အကြား လုပ်ငန်းတာဝန်ခွဲခြား၍ လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက စီမံကိန်းချဉ်းကပ်ကားလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ရန်၊ ရွှေလီကြိုးတံတားကို ခံနိုင်ဝန်အင်အားကောင်းသော တံတားအဖြစ် ပြုပြင်ရန်နှင့် အခြားဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ထို့နောက် Y.M.E.Cကုမ္ပဏီဥက္ကဋ္ဌ Mr. Feng Keက မိမိတို့ကုမ္ပဏီအား လုပ်ငန်းအပ်နှံတာဝန်ပေးသဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် စံချိန်စံညွှန်းကောင်းမွန်စွာဖြင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက Y.M.E.C ကုမ္ပဏီဥက္ကဋ္ဌ Mr. Feng Ke အား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး စီမံကိန်းဝန်ထမ်းများကိုယ်စား ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်တို့အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား Y.M.E.Cကုမ္ပဏီဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ စမ်းသပ်တူးဖော်ထားသည့် ကျောက်နမူနာများကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံနေရာကိုလည်း ရှုရပ်မှကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပင်မတမံတည်ဆောက်မည့်နေရာ၊ ရေလွှဲဥမင် တည်ဆောက်မည့်နေရာနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

စီမံကိန်းအရ အလျား ၅၃၁ပေ၊ အမြင့် ၁၅၄ ပေရှိ ရေထိန်းကွန်ကရစ်တမံ (Concrete gravity dam)၊ အချင်း ၃၃ ပေ၊ အလျား ပေ ၈၅၀ ရှိ ရေလွှဲဥမင်လိုဏ်၊ အချင်း ၂၃ ပေ၊ အလျား ၃ဒသမ၀၂ မိုင်ရှိ ရေသွယ်ဥမင်လိုဏ်တို့ကို တည်ဆောက်၍ ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်သွားရမည်ဖြစ်သည်။

(သတင်းစဉ်)

သစ်သီးခြင်း လက်ဆောင်ပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက Y.M.E.Cကုမ္ပဏီ ဥက္ကဋ္ဌ Mr. Feng Ke အား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

သံလွင်သဘော် ရန်ကုန်၊ မော်လမြိုင်နှင့် ကော့သောင်းမြို့များသို့ ပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် သံလွင်သင်္ဘောခရီးစဉ် အမှတ်(၉၇)သည် ရန်ကုန်၊ မော်လမြိုင်၊ ကော့သောင်း၊ မော်လမြိုင်–ရန်ကုန်ခရီးစဉ် ပြေးဆွဲမည်ဖြစ်သည်။ သံလွင်သင်္ဘောသည် ရန်ကုန်မှ မော်လမြိုင်၊ ကော့သောင်း ဆိပ်ကမ်းမြို့များသို့ မတ် ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာရန် စီစဉ်ထားသည်။

ရန်ကုန်မှ မော်လမြိုင်၊ ကော့သောင်း ခရီးစဉ်ဖြင့် လိုက်ပါလိုသည့် ခရီးသည်များသည် ခရီးသည်လက်မှတ်များကို ဖေဖော်ဝါရီ ၂၆ ရက်မှ စ၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ရှုခင်းသာလမ်း သာကေတမြို့နယ်တွင် စတင်ရောင်းချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက စကားပြောကြေးနန်းအမှတ် ၅၄၃၂၃၀၊ ၅၄၃၂၃၁၊ ၅၄၃၂၃၂၊ ၅၄၄၅၆၃၊ ၅၄၄၅၇၁ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို လာမည့်မတ်လ ၁ရက်မှစ၍ မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းထားမည်

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် တြိဂံပုံမြားအစိမ်းပြသထားပြီး ညအခါမီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့်တိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အီရတ်၌ အဖျက်စွမ်းအားကြီးလက်နက်များရှိကြောင်း ယုံကြည်သူ ကန်နိုင်ငံသားဦးရေ လျော့ကျလာနေကြောင်း စစ်တမ်း၌ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အီရတ်ကို ၂၀၀၃ခုနှစ်တွင် အမေရိကန်ဦးဆောင်သောတပ်များ တိုက်ခိုက်ချိန်က ဆက်ဒမ်ဟူစိန်အစိုးရ၌ အဖျက်စွမ်းအားကြီး လက်နက်များရှိသည်ဟု ယုံကြည်ထားသော အမေရိကန်နိုင်ငံသားအရေအတွက်သည် လျော့ကျလာနေကြောင်း ဟဲရစ်အင်တာအက်တစ်ဖ် လူထုသဘောထားစစ်တမ်းအရ သိရသည်။

ထိုသို့ ကောက်ယူရာ၌ ဆက်ဒမ်၌ ပိတ်ပင်ထားသော လက်နက်များရှိခဲ့ကြောင်း ယုံကြည်သူ အမေရိကန်နိုင်ငံသား ၅၁ရာခိုင်နှုန်းရှိရာ ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးမိပြီးနောက် ဒီဇင်ဘာလလယ်၌ ပြုလုပ်ခဲ့သောသဘောထားစစ်တမ်း၌ရှိခဲ့သည့် ၆၁ရာခိုင်နှုန်းမှ လျော့ကျခဲ့သည်။

ဆက်ဒမ်၌ ဒဗလျူအမ်ဒီများမရှိကြောင်း ယုံကြည်သူ ၄၀ ရာခိုင်နှုန်းရှိရာ ဒီဇင်ဘာလ၌ရှိခဲ့သော ၃၂ ရာခိုင်နှုန်းမှ မြင့်တက်ခဲ့သည်။

ဆင်နွှဲခဲ့

သမ္မတဂျော့ဒဗလျူဘုရှ်၏ အမေရိကန်အစိုးရသည် အမေရိကန်ပြည်ထောင်စုကို ခြိမ်းခြောက်သည့် ဇီဝနှင့်ဓာတုလက်နက်များ ဆက်ဒမ်၌ရှိသည်ဆိုပြီး ၂၀၀၃ခုနှစ် မတ်လ၂၀ရက်၌ အီရတ်ကို စစ်ပွဲစတင်ဆင်နွှဲခဲ့သည်။

မှားယွင်း

အမေရိကန်အရာရှိများက ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)မှပေးသော ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံကြောင်း ပြောဆိုခဲ့ကြသော်လည်း အမေရိကန် လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးက စီအိုင်အေ ရသော ထောက်လှမ်းရေးသတင်းများသည် မှားယွင်းကြောင်း မကြာသေးခင်က ထုတ်ဖော်ပြောဆိုခဲ့သည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကာလတစ်လျှောက် ကျည်ဆန်ငါးတောင့်သာရရှိခဲ့ဟု ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၂၆

မိမိနှင့် မိမိလူများသည် စစ်ပွဲကာလတစ်လျှောက်လုံး တစ်ဦးလျှင် ကျည်ဆန်ငါးတောင့်စီသာရရှိခဲ့ကြောင်း အီရတ်စစ်ပွဲကာလအတွင်း စစ်လက်နက်ပစ္စည်းကိရိယာ မလုံလောက်မှုနှင့်စပ်လျဉ်း၍ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးက ယမန်နေ့ညတွင် ထုတ်ဖော်ပြောကြား လိုက်သည်။

အီရတ်တောင်ပိုင်း ရှေ့တန်းစစ်မျက်နှာတွင် သုံးလေးကြိမ်မျှ မိမိ အတိုက်ခံခဲ့ရကြောင်း၊ မိမိကိုယ်မိမိတို့ ကာကွယ်ရန် တစ်ဦးလျှင် ကျည်ဆန်ငါးတောင့်သာရှိကြောင်း၊ အမှန်တကယ်ပင် မိမိသည် ကျည်ဆန်ငါးတောင့်ဖြင့် နယ်စပ်ကိုဖြတ်ခဲ့ရကြောင်း အမည်မဖော်သူ အဆိုပါတပ်ဖွဲ့ဝင်က ပြောကြားသည်။

ဂျာမနီ၌ အခြေစိုက်စခန်းရှိပြီး အီရတ်နိုင်ငံ အွမ်ကာဆာ၊ အက်ဇ်ဇူဘေယာနှင့် ဘာဆာရာတို့တွင် အမှုထမ်းခဲ့သော အဆိုပါ တပ်ဖွဲ့ဝင်သည် အကယ်၍ မည်သူမည်ဝါဆိုသည်ကို သိသွားလျှင် အလုပ်ပြုတ်မည့်ပြင် ပင်စင်လည်းဆုံးရှုံးမည်ဖြစ်ရာ စွန့်စား၍ ယခုကဲ့သို့ ဖော်ထုတ်ခြင်းဖြစ်သည်။

အဆိုပါတပ်ဖွဲ့ဝင်က ကျည်ဆန်ငါးတောင့်သာရရှိကြောင်း ပြောဆိုသည့်ပြင် ၎င်းတို့၏ စစ်ယာဉ်များနှင့် ယူနီဖောင်းများမှာလည်း သဲကန္တာရအညိုရောင်မဟုတ်ဘဲ အစိမ်းရောင်များသာဖြစ်ကြောင်း ပြောဆိုသည်။ ထို့အပြင် ဗြိတိသျှတပ်ဖွဲ့ဝင်များတွင် မြေပုံကားချပ်များ၊ ကျည်ကာအင်္ကျီများ၊ ရေဒီယိုများ အလုံအလောက်မရှိကြောင်း၊ အကယ်၍ အတိုက်ခံရလျှင် ခေါ်ရန် မိုဘိုင်းလ်ဖုန်း တစ်လုံးသာရှိကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်လူဦးရေ ၈၄ သန်းရှိလာ

မနီလာ ဖေဖော်ဝါရီ ၂၅

ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေသည် ယခုအခါ ၈၄သန်းရှိလာခဲ့ပြီး လာမည့် ၂၉နှစ်တွင် နှစ်ဆရှိမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

မိမိတို့နိုင်ငံ၏ နှစ်စဉ်လူဦးရေ ကြီးထွားမှုနှုန်းသည် ၂ဒသမ ၃၆ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၀၀ပြည့်နှစ်က လူဦးရေသည် ၇၆ ဒသမ ၅သန်းရှိခဲ့ကြောင်း၊ တစ်နှစ်လျှင် အနည်းဆုံး ၁ ဒသမ ၈သန်းကြီးထွားခဲ့ကြောင်း၊ ယခုအခါ ဖိလစ်ပိုင်နိုင်ငံသား ၈၄သန်း ဝန်းကျင်ရှိမည်ဖြစ်ကြောင်း လူဦးရေကော်မရှင် အမှုဆောင်ညွှန်ကြားရေးမှူး တိုမတ်စ်အိုစီအက်စ်က သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ပြန်လည်ထူထောင်ရေးပိုမိုအကူအညီပေးနိုင်ရန် ကုလသမဂ္ဂအတွက် လုံခြုံစိတ်ချရမှုရှိသည့်ပတ်ဝန်းကျင်လိုအပ်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၅

အီရတ်နိုင်ငံတွင် ကြားဖြတ်အစိုးရထူထောင်ရာ၌ အပြည့်အဝကူညီနိုင်ရန်မှာ ကုလသမဂ္ဂအတွက် ပိုမိုလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ရပ်ရှိရန်လိုအပ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ပိုမိုလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ရပ်သည် အကယ်၍ မိမိတို့အနေဖြင့် အပြည့်အဝဆောင်ရွက်ရမည်ဆိုလျှင် လုံးဝဥဿုံ လိုအပ်မည်ဟု အာနန်က ပြောကြားသည်။

မြင်ရမည်

အီရတ်ပြည်သူများနှင့် အခြားသူများသည် မိမိတို့အား သမာသမတ်ရှိပြီး ယခုလိုအပ်ချိန်၌ ၎င်းတို့နိုင်ငံအား အကူအညီ ပေးရန်ထက် အခြားအကြောင်းအရာမရှိသော လွတ်လပ်သည့် ကမ္ဘာ့အဖွဲ့အစည်းအဖြစ် မြင်ရမည်ဖြစ်ကြောင်း အာနန်က ဆက်လက်ပြောကြားသည်။

လိုအပ်

မစ္စတာအာနန်သည် ကုလသမဂ္ဂ အစီရင်ခံစာထုတ်ပြီးနောက်တစ်နေ့၌ ထိုသို့ပြောဆိုခြင်းဖြစ်ပြီး ၎င်းက အချုပ်အခြာအာဏာလွှဲပြောင်းပေးနိုင်မည့် ကြားဖြတ်ယန္တရားအဖွဲ့အစည်းတစ်ရပ်ကို အီရတ်တို့သဘောတူရန် လိုအပ်သည်ဟုပြောဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

လုံခြုံရေး စောင့်ကြပ်

ဖေဖော်ဝါရီ ၂၅ ရက်က ကယ်ကွတ်မြို့တွင် ကားဗုံးခွဲ တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် ၎င်းနေရာ အနီးတစ်ဝိုက်၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးများဆွေးနွေးပွဲ ဗန်ကောက်၌ကျင်းပ

ဗန်ကောက် ဖေဖော်ဝါရီ ၂၅

အာရှ-ပစိဖိတ်ဒေသတွင် မကြာသေးသောနှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခဲ့သော်လည်း ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုသည် ယင်းဒေသအား ဆိုးဆိုးရွားရွား စိန်ခေါ်နေဆဲရှိကြောင်း ဒေသဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် ကျွမ်းကျင်သူများက တနင်္လာနေ့၌ သတိပေးလိုက်သည်။

ပြောကြား

ခန့်မှန်းခြေအားဖြင့် ကမ္ဘာပေါ်တွင် လူ ၁ ဒသမ ၂ ဘီလီယံသည် တစ်နေ့လျှင် တစ်ဒေါ်လာအောက်ဖြင့် နေထိုင်ရလျက်ရှိပြီး အကြမ်းဖျဉ်းအားဖြင့် သုံးပုံနှစ်ပုံ သို့မဟုတ် သန်း၇၂၀ သည်အာရှနှင့် ပစိဖိတ်ဒေသတွင် နေထိုင်ကြကြောင်း အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဂျီအိတ်ချ်ပီဘီဒါလင်ဒန်က ဗန်ကောက်တွင် တနင်္လာနေ့မှ အင်္ဂါနေ့အထိ ကျင်းပခဲ့သော ဒေသတွင်း ဆင်းရဲနွမ်းပါးမှုနှင့် အစားအစာမဖူလုံမှု အမြစ်ဖြတ်ချေမှုန်းရေးအတွက် ဒေသခွဲပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါနှစ်ရက်ကြာတွေ့ဆုံဆွေးနွေးပွဲကို အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အာရှနှင့်ပစိဖိတ်ဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်တို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ပွဲကြောင့် အီရတ်ပြည်သူအများအပြား ဒုက္ခမျိုးစုံကြုံတွေ့ခံစားနေကြရ

အီရတ်ပြောက်ကျားတို့ ပုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများ သတိဖြင့်ကင်းလှည့်နေရ

မြန်မာ့အလင်း

အီရတ်မြင်ကွင်းများ

ဖေဖော်ဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်စစ်ပွဲကြောင့် သေဆုံးခဲ့ရသူများ၏ ဓာတ်ပုံများကို ကိုင်ဆောင်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေကြသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒုက္ခကြုံတွေ့

ဖေဖော်ဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့လမ်းတစ်လမ်းပေါ်၌အမေရိကန်တို့၏ ကျူးကျော်စစ်ကြောင့် အတိဒုက္ခ ရောက်နေသော အီရတ်အဘိုးအို တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၆ရက်က ဘဂ္ဂဒက်အနောက်ပိုင်း၌ အမေရိကန်ရဟတ်ယာဉ် တစ်စင်း ပျက်ကျပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ယင်းရဟတ်ယာဉ်ပျက်ကျမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားသည်။)

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၅ ရက်က လေယာဉ်ဖြင့် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၂၃၀ ခန့် တူရကီစစ် အ ခြေ စိုက်စခန်းသို့ ရောက်ရှိလာကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တောင်းဆိုဆန္ဒပြ

ဖေဖော်ဝါရီ ၂၄ ရက်က ဘာဆာရာမြို့၌ အီရတ်ပြည်သူများက ၎င်းတို့၏ လိုလားချက် များ ကို တောင်းဆိုဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံသူနာပြုအသင်း (၄၈)ကြိမ်မြောက် သူနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် ကျပန်းစကားပြော တတိယဆုရ ကချင်ပြည်နယ်မှ မခေါ်နန်နန်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ သူနာပြု အသင်း (၄၈)ကြိမ်မြောက် သူနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် စာတမ်းဖတ်ကြား တင်သွင်းသူ စာတမ်းရှင် အထူးဆုရ မန္တလေးတိုင်းကိုယ်စားပြု ဒေါ်ခင်သိန်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဂုဏ၀ာပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

တောင်ငူအသင်း (ထန်းတပင်၊ အုတ်တွင်း အပါအဝင်)နှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဘဒ္ဒန္တ ဇဝန (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အောင်မြင်ဇေယျာစာသင်တိုက်၊ ဘဒ္ဒန္တ ပါရဂူပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ) သီတာရုံ စာသင်တိုက်၊ ဘဒ္ဒန္တ အာသဘ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)မဟာစည် သာသနာ့ရိပ်သာ၊ ကေတုမတီမြို့သစ်၊ ဘဒ္ဒန္တ သုဒဿန (မဟာကမ္မဋ္ဌာနာစရိယ) ကျောက်ဝိုင်းကျောင်းတိုက်၊ ထန်းတပင်မြို့နယ်၊ ဒေါ်သုစန္ဒာ (ဂန္ထဝါစကပဏ္ဍိတ)၊ ဓမ္မာရုံသီလရှင် စာသင်တိုက်တို့အား ဂုဏ်ပြုပူဇော်ပွဲ ဂုဏ၀ာပူဇာသဘင်ကို မတ် ၇ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား (အရှေ့မုခ်) ကြားတောရလမ်း ဇေယျာအောင်မြေကျောင်း၌ ကျင်းပမည် ဖြစ်ရာ ဦးထွန်းထွန်း (ဘုရင့်နောင်သက်န်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀ ၀၁၉၀၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းအဆင့် လူထုအားကစားလှုပ်ရှားမှုဆုရ တိုင်းများအား ဒိုင်းဆုများကို ချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြည်နယ်နှင့်တိုင်းအဆင့် လူထုအားကစားလှုပ်ရှားမှုတွင် လေးနှစ်ဆက်တိုက် ပထမဆုရ ပဲခူးတိုင်း၊ ဒုတိယဆုရ မန္တလေးတိုင်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်းတို့အား ဒိုင်းဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက မြို့နယ်အဆင့် လူထုအားကစားလှုပ်ရှားမှုတွင် ပထမဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့နယ်၊ ဒုတိယဆုရရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်တတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့အား ဆုများကို တာဝန်ရှိသူများအား ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဝတ္ထုတိုပြိုင်ပွဲတွင် "အမှတ်တမဲ့မှ အမှတ်တရသို့"ဖြင့် ပထမဆုရ ဒေါ်ဖြူဖြူသန်း (ဖြူမေသော်-မြန်အောင်)၊ "မတူညီသောခြေလှမ်းများ"ဖြင့် ဒုတိယဆုရ ဦးမြင့်သိန်း (ထွန်းနိုင်-ငပုတော)၊ "စည်းလုံးညီမှုရှာလူထု၏ အောင်ပွဲပန်းဆင်ပြုံးပန်းရှင်"ဖြင့် တတိယဆုရ ဒေါ်ချောယဉ် (မချောယဉ်- မိုးညှင်း)နှင့် "မိုးကောင်းကင်က ကြယ်ပွင့်များ"ဖြင့် နှစ်သိမ့်ဆုရ ဒေါ်ခင်သန်းဝင်း (သဲမြည္ဘာ-ငပုတော)တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ဆောင်းပါးပြိုင်ပွဲတွင် "ကျန်းမာကြံ့ခိုင်အောင်ပွဲသစ်များဆင်နိုင်ရေး လူထုအားကစားမြှင့်တင်ပေး"ဖြင့် ပထမဆုရ ဦးမြင့်စိန်(စိန်အေး-ပုသိမ်)၊ "ကြံ့ခိုင်ကျန်းမာပြည်ချမ်းသာ ကိုယ်လက်လှုပ်ရှား ကစားပါ"ဖြင့် ဒုတိယဆုရ ဦးခင်မောင်ချို(ခင်မောင်ချို-ကညွှတ်ကွင်း)၊ "ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းရေး အားကစားကို လိုက်စားပေး"ဖြင့် တတိယဆုရ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး၊ မန္တလေး)နှင့် "စတုတ္ထမူ အောင်မြင်မှုအတွက် လူထုအားကစားလှုပ်ရှားကြစို့"ဖြင့် နှစ်သိမ့်ဆုရ ဒေါ်ချောယဉ် (မချောယဉ်-မိုးညှင်း)တို့အား ဆုများကိုချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၃ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရန်ကင်းစိုးမင်း (သတင်းစဉ်)အား ဆုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ သုတစွယ်စုံစာအုပ်တိုက် စာတည်းမှူးချုပ် ဒေါက်တာ တင်ထွန်းဦးက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရ မောင်မေတ္တာ (ဟသ်ာတ)၊ တတိယဆုရ ညွန့်လှိုင်(အား/ကာ)နှင့် နှစ်သိမ့်ဆုရ အောင်နိုင်ဝင်း(အား/ကာ)တို့အား ဆုများကိုချီးမြှင့်သည်။

(သတင်းစဉ်)

▼ နိုင်ငံတော်မှ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံသူနာပြုအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စာတမ်းဖတ်ကြားတင်သွင်းသူ စာတမ်းရှင် ပထမဆုရ မွန်ပြည်နယ် ကိုယ်စားပြု ဒေါ်ချိုချိုမာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းကိုယ်စားပြု ဒေါ်မာမာသီနှင့် တတိယဆုရ မကွေးတိုင်းကိုယ်စားပြု ဒေါ်ဝါဝါအောင်တို့အား ဆုများကိုချီးမြှင့်သည်။

ယင်းနောက်အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျပန်းစကားပြောပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မသူဇာမွန်၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ မကေဇင်ဦးနှင့် တတိယဆုရ ကချင်ပြည်နယ်မှ မခေါ်နန်နန်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စာတမ်းဖတ်ကြားတင်သွင်းသူ စာတမ်းရှင် အထူးဆုရရှိကြသည့် မန္တလေးတိုင်းကိုယ်စားပြု ဒေါ်ခင်သိန်း၊ ကရင်ပြည်နယ်ကိုယ်စားပြု ဒေါ်နော်ဇင်သန်းနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ဒေါ်မြထွေးရီတို့အားလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၌အထူးဆုရရှိကြသည့် မကွေးတိုင်းမှ မသူဇာလင်း၊ ကယားပြည်နယ်မှ မအယ်နီတာနှင့် ကချင်ပြည်နယ်မှ မတိုးတိုးထွန်းတို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရိက သူနာပြုအသင်း(ဗဟို) ရန်ပုံငွေရရှိရေးတွင် အကူအညီပေးခဲ့သော မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်အား လည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း(၄၈)ကြိမ်မြောက် သူနာပြုညီလာခံကျင်းပရေး၌ ကူညီပံ့ပိုးပေးခဲ့သော MAC (Dumex) ကုမ္ပဏီမှ အာဟာရမန်နေဂျာ ဒေါက်တာဖြူတီကြည်တို့အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

(၄၈)ကြိမ်မြောက် သူနာပြုညီလာခံ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံသူနာပြုအသင်း (၄၈) ကြိမ်မြောက် သူနာပြုညီလာခံ နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ် ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌဒေါ်နိုရာဟန်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ဒေါ်နိုရာဟန်က အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့သစ်အတွက် ရွေးချယ်ခံမည့် အမည်စာရင်းကို ကြေညာသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ၂၀၀၄-၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ သူနာပြုအသင်းဥက္ကဋ္ဌအဖြစ် ဒေါ်အီးဘာဘရိ ဦးဆောင်သော အလုပ်အမှုဆောင် ၂၁ ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ **(သတင်းစဉ်)**

အထက(၃)ပိုလ်တထောင်(ယခင်)ရေကျော်မက်သဒစ်ကျောင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အထက(၃)ဗိုလ်တထောင်(ယခင်) ရေကျော်မက်သဒစ်ကျောင်းဆရာ ဆရာမ အဆက်ဆက်တို့၏ ကျေးဇူးတို့ကို ပူဇော်သည့်အနေဖြင့် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ပြည်တွင်း ပြည်ပ၊ ရပ်ဝေးရပ်နီးတွင် ရှိကြသူများသည် ဒေါ်ခင်ခင်စိန် ဖုန်း-၀၁-၅၂၆၂၈၁၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၀၁-၅၇၂၃၅၂၊ ဦးကျော်ဝင်း ဖုန်း-၀၁-၅၇၉၃၁၉ နှင့် ဦးမောင်မောင်ဇော်ဝင်း ဖုန်း-၀၁-၅၇၁၁၃၄ တို့သို့ဆက်သွယ်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစပ်စိုင်းလုံနှင့်ဒေါ်ခင်ဆွေညွှန့်တို့ သုံးမြွှာပူးမွေးဖွားသော မိခင်ဒေါ်ခင်မြမေအား ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ အလှူငွေကျပ်ခြောက်သောင်းပေးအပ်လှူဒါန်းစဉ်။ (မိခင်နှင့်ကလေးအသင်း)

(၁၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စက်မှု ၂၀ စွမ်းအား ခေတ်ကျော်လွှား

ရန်ကုန်တိုင်းအမျိုးသမီးရေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ သစ်စေ့ပျိုးပွဲတော် ရွှေနံ့သာသစ်တောပျိုးဥယျာဉ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့(ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့)မှ သစ်စေ့ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာရှိ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၏ ရွှေနံ့သာသစ်တောပျိုးဥယျာဉ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက စီးပွားရေးအထောက်အကူပြုအပင်များဖြစ်သည့် သစ်ဆိမ့်၊ မန်ကျည်း၊ ရတနာတန်းဝင်အပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ စစ်၊ ပျဉ်းမ၊ မအူ၊ ခရေ၊ ပိန္နဲ အစရှိသည့်အပင်များဖြစ်ထွန်းစေရန် သစ်စေ့တစ်သိန်းခွဲကို ပျိုးအိတ်၊ ပျိုးပေါင်များအတွင်း စနစ်တကျ တပျော်တပါး ပျိုးထောင်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ဌေးနှင့်အဖွဲ့သည် ရွှေနံ့သာသစ်တောပျိုးဥယျာဉ်အတွင်း ပျိုးပင် ငါးသောင်းကျော် ပျိုးထောင်ဖြစ်ထွန်းနေမှုအခြေအနေများကိုလိုက်လံကြည့်ရှုလေ့လာကြသည်။

အမှတ်တရ

ယင်းနောက် သစ်စေ့ပျိုးပွဲတော်အထိမ်းအမှတ်အဖြစ် ရွှေနံ့သာသစ်တော ပျိုးဥယျာဉ်အတွင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကံ့ကော်ပင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ခရေပင်ကိုလည်းကောင်း အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ခရေပင်လမ်းကို မင်္ဂလာဒုံဥယျာဉ်မြို့တော်ကိုဖြတ်၍ မြို့ပတ်လမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ဆင်ဖုံချောင်းကူးတံတားသို့ ရောက်ရှိပြီး ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တံတားပေါ်မှနေ၍ ခရေပင်လမ်းကို မြို့ပတ်လမ်းမကြီးအထိ မြေသားလမ်း ဖောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ လမ်းဘေးဝဲယာနှင့် ဆင်ဖုံချောင်းဘေးဝဲယာတို့၌ နွေစပါးခင်းများ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နေရာလပ်မကျန်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ခရေပင်လမ်းကို မင်္ဂလာဒုံဥယျာဉ်မြို့တော်ကိုဖြတ်၍ မြို့ပတ်လမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့်လမ်းသည် ဘားလားဒေသရှိ လယ်မြေများ၏ ကုန်ထုတ်လမ်းလည်းဖြစ်သဖြင့် မြေသားလမ်းကို လမ်းဖြစ် မြောင်းဖြစ် စနစ်တကျ ဆောင်ရွက်ရေး၊ လမ်းပေါ်ရှိ တည်ဆောက်ဆဲတံတားသုံးစင်းကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရန်နှင့် နွေစပါးနေရာလပ်မကျန် စိုက်ပျိုးကြရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်စေရန် သစ်စေ့ပျိုးပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားစဉ်။ (ရကတ)

(၈၄)ကြိမ်မြောက် ပိဋကတ်တော်လှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

သာသနာရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော တိပိဋကစာမေးပွဲကြီးတွင် ထူးချွန်စွာအောင်မြင်တော်မူသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ (၈၄)ကြိမ်မြောက် ပိဋကတ်တော် အလှူပွဲကို ဥက္ကဋ္ဌ ဦးစောဖေညွန့် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့က ဖေဖော်ဝါရီ ၂၉ ရက်တွင် အမှတ် (၁၈၇/၁၈၉)၊ ၁၄ လမ်းနှင့် အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (ဘီဘီအမ်အေ)အသင်းကြီး၏ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူပွဲတွင် သာသနာ့အာဇာနည် ဆရာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား ပိဋကတ်တော်စာအုပ်များနှင့် လက်ဆွဲသေတ္တာများကိုပါ လှူဒါန်းမည်ဖြစ်ပြီး အလှူပွဲတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ညစဉ် ၇ နာရီမှ ၉ နာရီအထိ တိပိဋက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ရောင်စုံမိုးစက်များ ပန်းချီပြပွဲပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပန်းချီဆရာ ဉာဏ်သိန်း၊ နိုင်သူ၊ ဝင်းမြင့်မိုး၊ သက်မော်၊ ကျော်ရှိန်၊ ဉာဏ်ကျယ်လေး၊ မွန်သက်တို့၏ (၆)ကြိမ်မြောက် ရောင်စုံမိုးစက်များ အမည်ရှိ ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ် အလှပညာခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်လစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၅၀ ပြသထားပြီး စိတ်ဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(က-ပ)

နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ညှိနှိုင်းပူးပေါင်း၍ ၂၀၀၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၁၅ရက်မှ ဧပြီ ၉ ရက်အထိ ရန်ကုန်မြို့တွင် သတ်မှတ်နေရာများ၌ ဖွင့်လှစ်သွားမည်။

သင်တန်းများအနေဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ အလေးမ၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကတ်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ သေနတ်ပစ်၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ဘော်လီဘော၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ လက်ဝှေ့၊ ဟော်ကီ၊ မြားပစ်၊ ဘိလိယက်နှင့် ရေကူးအားကစားနည်းများဖြစ်ပြီး အသေးစိတ်သိလိုပါက အောင်ဆန်းအားကစားပြိုင်ဝင်း လူထု/ပညာဌာနခွဲ ဖုန်း-၃၇၄၅၀၂သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရေကူးအားကစားနည်းအတွက်မူ ရန်ကုန်ရေကူးအသင်း အမျိုးသားရေကူးကန်သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမက(၂၃)တွင် ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည် ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆု၊ ဘက်စုံပထမဆုရရှိသော မောင်အော်လီဗာအား ကျောင်းအုပ်ဆရာကြီး ဦးမြအောင်က ဆုချီးမြှင့်စဉ်။ (၁၉၂)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက လျှပ်စစ်စွမ်းအားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၇ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မလိခအသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးလျက် ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဟောပြောပွဲကို အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်တင်မာငွေက အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ရှင်းလင်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်) ညှိနှိုင်းမဲ့ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပမ်းတည်ဆောက်ရာတွင် အခြေခံအားဖြင့် နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်နေရန်လိုအပ်

▶ **ကျောမှ**

စုစည်းနေထိုင်မှု၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုအခြေအနေများ၊ ပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ မြေယာအသုံးချနိုင်မှုနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေများ၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှုများ၊ ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ ဒေသအတွင်း ရွှေလီရေအားလျှပ်စစ် စီမံကိန်းအပါအဝင် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ပထမကာလတို လေးနှစ်စီမံကိန်းနှင့် ဒုတိယကာလတိုငါးနှစ် စီမံကိန်းတို့ကို လျာထားချက်ထက် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှု၊ ယခုတတိယကာလတို ငါးနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုစသည့် နိုင်ငံတော်စီးပွားရေး၏ အလားအလာကောင်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည့်ကဏ္ဍတိုင်းတွင် စီမံကိန်းရည်မှန်းချက်များ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရွှေလီရေအားလျှပ်စစ်စီမံကိန်းအပါအဝင် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ အခြေအနေကို ရှင်းလင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ညှိနှိုင်းမဲ့ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံပွဲတွင် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်က ခိုင်မာသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသအကျိုး၊ ပြည်သူများ၏အကျိုးစီးပွားအတွက် စေတနာထား၊ အပင်ပန်းခံဆောင်ရွက်ရန်လိုအပ်ပုံ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးပုံနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်များနှင့် အောင်မြင်မှုရရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စီးပွားရေးအခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍသည်လည်း စိုက်ပျိုးမြေဧက တိုးတက်သကဲ့သို့ တစ်ဧက အထွက်နှုန်းလည်း တိုးတက်လျက်ရှိကြောင်း။

အထူးသဖြင့် စပါးသီးနှံစိုက်ပျိုးရာ၌ အထွက်ကောင်းမျိုးများကိုပြောင်းလဲ သုံးစွဲနိုင်သဖြင့် ဒေသဆန်ဖူလုံမှုရာခိုင်နှုန်း မြင့်မားလာလျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ်သက်သာပြီး ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးစားရမှာဖြစ်သကဲ့သို့ လယ်ယာသုံးစက် ကိရိယာများ သုံးစွဲ၍ လုပ်ငန်းမြန်မြန်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ညှိနှိုင်းမဲ့ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား လက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

ပြီးစီးအောင်၊ သီးထပ်အချိန်မီစိုက်ပျိုး နိုင်အောင် ဆက်လက်ကြိုးစားသွားရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ လယ်ယာကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ နယ်စပ်ကုန်သွယ်မှုသည်လည်း ဖွံ့ဖြိုးအောင်မြင်လျက်ရှိကြောင်း၊ နယ်စပ် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျကျွမ်းကျင်လုပ်ကိုင်သွားကြရန်လိုကြောင်း။

လယ်ယာကိန်းဂဏန်း၊ ကုန်သွယ်မှုကိန်းဂဏန်းများနှင့် စပ်လျဉ်း၍ ဖောင်းပွမှု၊ မမှန်မကန်မှုများမဖြစ်ရအောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုရန်လည်း အရေးကြီးကြောင်း၊ ကိန်းဂဏန်း စာရင်းဇယားမှန်ကန်မှလည်း စီမံကိန်းများကို မှန်မှန်ကန်ကန် ရေးဆွဲချမှတ်နိုင်မှာဖြစ်ကြောင်း။

အားသွန်ခွန်စိုက်လုပ်ကိုင်

တစ်ဖက်မှ စီးပွားရေးအခြေအနေ တိုးတက်နေသကဲ့သို့ ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေတို့သည်လည်း ဖွံ့ဖြိုးမြင့်မားလာလျက်ရှိကြောင်း၊ အခြားပြည်နယ်၊တိုင်းများကလည်း အလားတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျမကျန်ရစ်အောင် ကြိုးစား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ မြို့မမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နေရာမှာဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအားလုံး၊ တိုင်းရင်းသားလူမျိုးအားလုံး၊ ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံးမှာဖြစ်စေ၊ ပြည်နယ်၊ တိုင်းအလိုက်မှာဖြစ် စေ၊ တိုင်းရင်းသားညီအစ်ကိုများသည် ချစ်ချစ်ခင်ခင် အတူလက်တွဲနေထိုင်လျက် ရှိကြကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌လည်း ရှမ်း၊ ပလောင်၊ ဝ၊ ကိုးကန့်၊ ကချင်၊ ဗမာစသည့် တိုင်းရင်းသားတို့သည် အတူတကွ ညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း။

ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ တလုံးတစည်းတည်း နေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ရေးတို့ကို ဆက်လက်၍ အားသွန်ခွန်စိုက်လုပ်ကိုင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြို့တော်ခန်းမသို့ ရောက်ရှိလာပြီး ရှင်းလင်းမှာကြားရာတွင် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာ၌ အခြေခံအားဖြင့် နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်နေရန်လိုအပ်ကြောင်း။

ထို့အတူ နိုင်ငံတော်၏စီးပွားရေးအခြေအနေသည်လည်း ခိုင်မာတောင့်တင်းနေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တစ်ရပ်လုံးတည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးတောင့်တင်းခိုင်မာအောင် စီမံကိန်းများရေးဆွဲချမှတ်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးအထူးဒေသများစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ကွက်ပြည့် ချ၍ အကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းအားလုံး နှစ်တိုကာလအတွင်း သိသိသာသာဖွံ့ဖြိုးတိုးတက်လာကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရန်မှာ ပြည်နယ်၊ တိုင်း ၁၄ ခု လုံး ဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများဖွံ့ဖြိုးရန်မှာလည်း ခရိုင်နှင့် မြို့နယ်အားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရမှာဖြစ်ကြောင်း။

ယခင်က ရှမ်းပြည်နယ်ကို ကြည့်လျှင် ပြည်နယ်ရုံးစိုက်ရာ တောင်ကြီး ဒေသတစ်ဝိုက်၌သာ ဖွံ့ဖြိုးမှုအားကောင်းခဲ့ကြောင်း၊ ယခုအခါ တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသဟူ၍ ဖွံ့ဖြိုးရေးဒေသ လေးခု သတ်မှတ်ကာ ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးလာအောင် မိမိတို့ကြိုးပမ်းဆောင်ရွက်လိုက်သည့်အတွက် ယခင် ရှမ်းပြည်နယ်၏ အခြေအနေနှင့်မတူတော့ဘဲ နယ်စပ်ဒေသများပါမကျန် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရော ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပါ သိသာစွာယှဉ်တွဲ တိုးတက်လာနေပြီဖြစ်ကြောင်း။

ယင်းသို့ ပြည်ထောင်စုကြီးတစ်ရပ်လုံး သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည်မှာလည်း မိမိတို့အားလုံး ညီညီညွတ်ညွတ် အားထုတ်ကြိုးပမ်းလုပ်ကိုင်ခဲ့ခြင်းကြောင့်ဖြစ်ရာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက အောက်ခြေအထိကွင်းဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိ ကြရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ လောက်ကိုင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဧည့်ခန်းမ၌ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များနှင့်တွေ့ဆုံရာ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က ကိုးကန့်ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး အခြေအနေ၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးနေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကိုးကန့်ဒေသအပါအဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးထားပြီး မိမိတို့အလေးထား ဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့ တိုင်းရင်းသားညီအစ်ကိုများဖြစ်သည့် ကိုးကန့်တိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း မိမိတို့အမြဲမပြတ်လေ့လာသုံးသပ်၍ ဖြည့်ဆည်းပေးနေကြောင်းဖြင့် ရင်းနှီးစွာ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများအား လက်ဆောင်များပေးအပ်၍ ရင်းနှီးစွာနှုတ်ဆက်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကုန်းကြမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်မှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) အစည်းအဝေးခန်းမ၌ လောက်ကိုင်ခရိုင်နှင့် လောက်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ လောက်ကိုင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဇော်က လောက်ကိုင်ခရိုင်၏ အကျယ်အဝန်း၊ စိုက်ပျိုးမြေဧက၊ မိုးစပါးနှင့်ပြောင်း၊ ကြံတို့ အဓိကထားစိုက်ပျိုးမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်မှု၊ လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများအနေဖြင့် တလုံးတစည်းတည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သားစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပုံ၊ ရေမြေသယံဇာတများကို အပြည့်အဝအသုံးချ၍ စားနပ်ရိက္ခာဖူလုံအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန် အရေးကြီးပုံ၊ အိမ်နီးချင်းတစ်ဖက်နိုင်ငံနှင့် အစဉ်အလာရင်းနှီးချစ်ကြည်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ဤဒေသသည် တစ်ချိန်တစ်ခါက မူးယစ်ဆေးဝါးဖြင့် နာမည်ကျော်ကြားသည့်ဒေသဖြစ်ခဲ့ကြောင်း၊ ယခုအခါ တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံတော်နှင့်လက်တွဲ၍ ဒေသတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်အောင် အားထုတ်ကြိုးပမ်းလျက်ရှိကြကြောင်း။

ထို့ကြောင့် ဤဒေသတွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ဒေသသားအဖြစ်ခံယူကာ ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကိုးကန့်ဒေသဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ တပ်မတော်သားများ၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့မှ ကုန်းကြမ်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ကုန်းကြမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးသက်တင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ပူးပေါင်းအားထုတ်လုပ်ကိုင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသခံတပ်ရင်းသို့ သွားရောက်ကြပြီး ကုန်းကြမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ တပ်မတော်သားနှင့် မိသားစုများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ မြို့နယ်၏ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းအားထုတ်လုပ်ကိုင်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ရောက်ရှိကြပြီး တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည်လင်သောဝန်းကျင်နှင့် သစ်လွင်သောမြန်မာနိုင်ငံ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

မြန်မာနိုင်ငံဝန်းကျင်၌အိမ်နီးချင်းနိုင်ငံများ၊ ခြံချင်းဆက်နိုင်ငံများ များစွာရှိနေ၏။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့်စပ်ကာ အိမ်နီးချင်းနိုင်ငံအဖြစ် ထိုင်းနိုင်ငံတည်ရှိ၏။ တစ်ဖန် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်စပ်ကာ လာအိုနိုင်ငံတည်ရှိ၏။ ယင်းနှင့်ခြံချင်းစပ်ပြီး ကမ္ဘောဒီးယား၊ ထိုမှ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့ရှိကြ၏။ မြန်မာနိုင်ငံ အပါအဝင် ယင်း(၁၀)နိုင်ငံသည် အာဆီယံ (၁၀)နိုင်ငံအဖြစ် အာဆီယံတန်ဖိုး၊ အာဆီယံအရည်အသွေး၊ အာဆီယံစံနှုန်းတို့ကို မြှင့်တင်နေခြင်းကြောင့် ကမ္ဘာ့အလယ်တွင် ထင်းထင်းထင်လျက်ရှိ၏။ ယင်းအာဆီယံအိမ်နီးချင်း နိုင်ငံများ၊ ခြံချင်းဆက် နိုင်ငံများသည် မြန်မာနိုင်ငံ၏ ကြည်လင်သောဝန်းကျင် ဖြစ်လျက်ရှိ၏။ ထို့အတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့နှင့်စပ်လျက် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ရှိ၏။ နှစ်ပေါင်း ပဝေသဏီကတည်းက ဆွေမျိုးပေါက်ဖော်စိတ်ရင်းဖြင့် အိမ်နီးချင်းကောင်း ပီသစွာ ချစ်ကြည်သောနိုင်ငံဖြစ်လေ၏။ ထိုနှင့်စပ်၍ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့သည် အာဆီယံ+၃ အဖြစ် မြန်မာနိုင်ငံ၏ ကြည်လင်သောဝန်းကျင် ဖြစ်လျက်ရှိ၏။

ထို့အပြင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့နှင့်စပ်လျက် အိန္ဒိယနိုင်ငံတည်ရှိ၏။ နှစ်နိုင်ငံချင်းအားဖြင့်လည်းကောင်း၊ အာဆီယံ+အိန္ဒိယအားဖြင့် လည်းကောင်း မြန်မာနိုင်ငံ၏ ကြည်လင်သောဝန်းကျင်နိုင်ငံပင်ဖြစ်လျက်ရှိ၏။ ထိုမှတစ်ပါးရခိုင်ပြည်နယ်နှင့်စပ်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတည်ရှိပြီး ယင်းအပါအဝင် အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် ဘင်းမ်စတက်နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်လျက်ရှိသလို ယင်းဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသည်လည်း မြန်မာနိုင်ငံ၏ ကြည်လင်သောဝန်းကျင်ပင် ဖြစ်နေသည်။

မြန်မာမှဝန်းကျင်ပတ်ချာရှစ်ဒိသာမျှော်လေတိုင်းမှုန်မှိုင်းကင်းစင်ကြည်လင်သောဝန်းကျင်ကို တွေ့မြင်နေရ သကဲ့သို့ မြန်မာသည် မိမိကိုယ်မိမိ စေ့စေ့ကြည့်ပြန်သော်...။

(ခ)

“ယနေ့ အချိန်အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို ရင်ဆိုင်ကျော်လွှားရင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း။

“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်နေစေခဲ့သည့် သမိုင်း၏ဆိုးမွေ ဒဏ်ရာဒဏ်ချက်များ၊ အနိဋ္ဌာရုံဖြစ်ရပ်များ မြန်မာ့မြေပေါ်က အပြီးတိုင် ပပျောက်သွားစေရန်နှင့် ယင်းသမိုင်း၏ ဆိုးမွေများ၊ အနိဋ္ဌာရုံဖြစ်ရပ်များ အနာဂတ်ကာလတွင် ပြန်လည်ပေါ်ပေါက်မလာစေရအောင် အာမခံနိုင်မည့် ခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အခြေခိုင်ခံ့စွာ ဖြစ်တည်ပေါ်ထွန်းလာစေရန်အတွက် အနှောင့်အယှက် အဟန့်အတားများစွာကြားက တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြချိန်လည်း ဖြစ်ကြောင်း”။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်
(တက္ကသိုလ် ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲမိန့်ခွန်း)

ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနှင့် ခမ်းခမ်းနားနားခံ့ညားထည်ဝါစွာ ဖြစ်တည်လာခဲ့သော မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသည့် အချိုးအကွေ့ခရီးမှအစပြုကာ ဆိုးရွားသောဒဏ်ရာဒဏ်ချက်များ၊ အနိဋ္ဌာရုံ ဖြစ်ရပ်များ၏ ခါးသီးမှုကို နာကျင်စွာနှင့်နာကြည်းစွာ နစ်နစ်စူးစူး ခံစားခဲ့ရ၏။ မျက်စိရှိလျက် မမြင်နိုင်၊ နားရှိလျက် မကြားနိုင်၊ လက်ရှိလျက် မယူငင်နိုင်၊ ခြေရှိလျက် မလျှောက်လှမ်းနိုင်ခဲ့။ ထိုမှလွတ်လပ်ရေးပြန်လည်ရရှိ၍ အင်ပြည့်အားပြည့် လှမ်းတော့မည် ပြင်နေဆဲမှာပင် ခြေဖနောင့် အနင်းခံရ၊ ညို့သကျည်း အရိုက်ခံရဆိုသည့် အနိဋ္ဌာရုံမျိုးစုံ စုပြုံကြုံရပြန်ပါ၏။

တပ်မတော်အစိုးရ တက်ရောက်လာသော သည်မှာဘက်ကာလများ ရောက်မှသာ တပ်မတော်အစိုးရသည် တပ်မတော်၏စွမ်းရည်ဥဿုံကို နိုင်ငံလုံခြုံ ပုံလွှမ်းစေရင်း ဘက်စုံထောင့်စုံ ကဏ္ဍစုံအဟုန်မြင့် တည်ဆောက်နိုင်ခဲ့ခြင်းကြောင့်သာ ယနေ့သော် နိုင်ငံတကာမျက်နှာစာတွင် သစ်လွင်သော နိုင်ငံအဖြစ် ထွန်းသစ်လာနေလေပြီ။

“ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို တည့်မတ်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိနိုင်ငံအတွင်း အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာမျက်နှာစာတွင်လည်း တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

“မိမိတို့ အစဉ်တစိုက် တည့်မတ်စွာကျင့်သုံးဆောင်ရွက်လာခဲ့သည့် လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြုသဘောပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းနိုင်ငံများ၊ ဒေသတွင်းရှိနိုင်ငံများ၏ ဆက်ဆံရေးမှာ များစွာ တိုးတက်ကောင်းမွန်လျက် ရှိနေပြီဖြစ်ကြောင်း။”

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ယင်းသည် ယနေ့သစ်လွင်သော မြန်မာနိုင်ငံ၏ စံမီအရည်အသွေး မျက်နှာပြင်ဖြစ်၍ ယင်းမျက်နှာပြင်၌ ထင်းထင်းထင် ရောင်ပြန်များမှာ ဤသို့ဖြစ်၏။

(၁) မြန်မာနှင့်အာဆီယံ

၁၉၉၇ ခုနှစ်တွင် ချမှတ်ခဲ့သော အာဆီယံမျှော်မှန်းချက် (ASEAN Vision 2020) ပန်းတိုင်မှာ “အာဆီယံအသင်းကြီးသည် စာနာထောက်ထားမှု ဖြဟ္မစိုရ်တရားများထွန်းကားသော လူမှုအဖွဲ့အစည်းအတွင်းတွင် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာရေးအတွက် အတူတကွ တွဲဖက်ဆောင်ရွက်ကြလျက် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုအပေါင်းဖြင့် စုစည်းနေထိုင်ကြပြီး ပြင်ပကမ္ဘာသို့လည်း ဂရုပြု ရှုမျှော်ဆက်ဆံသည့် အရှေ့တောင်အာရှနိုင်ငံများအားလုံးတက်ညီလက်ညီ ပေါင်းစည်းတည်ထောင်ထားသော အသင်းကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန်”ဟု ဖြစ်သည်နှင့်အညီ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area) နှင့် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသ (ASEAN Investment Area)အစီအမံများ ပေါ်ထွက်လာလျက်ရှိ၏။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ အစီအမံများအရ အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအတွင်း လျှော့ချထားပေးရမည် ဖြစ်သဖြင့် မြန်မာနိုင်ငံအဖို့ အခြားအာဆီယံနိုင်ငံများ၏ ဈေးကွက်တွင်းသို့ အကောက်ခွန်လွတ်ဝင်ရောက်နိုင်သော အခွင့်အရေးရရှိသကဲ့သို့ အခြားအာဆီယံနိုင်ငံများမှ သွင်းကုန် အများစုကို အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုရမည်ဖြစ်ရာ မြန်မာ့ထွက်ကုန်များ၊ ထုတ်ကုန်များအရည်အသွေးရော ဈေးနှုန်းပါယှဉ်ပြိုင်နိုင်စွမ်းရှိနေစေရန် ယခုကတည်းက အမြော်အမြင်ရှိရှိ ကြိုးပမ်းနေကြရမည်။

တစ်ဖန် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသအစီအမံများအရ အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနည်းတူ တစ်ပြေးညီ အခွင့်အရေးပေးရမည်ဖြစ်ရာ မြန်မာ့ကုန်ထုတ်လုပ်ငန်းများသည် အခြားအာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံကြသူများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ အထူးအရေးတကြီး လိုအပ်လာနေလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကုန်ထုတ်လုပ်အစုအဖွဲ့များ၊ ကုန်သွယ်မှုအစုအဖွဲ့များအနေဖြင့် အားတက်ဖွယ်အခြေအနေများနှင့်အတူ အစဉ်သဖြင့် အဆင်သင့်အနေအထားသို့ အရောက်လှမ်းတက်ထားရန် အမှန်လိုအပ် လာနေလေပြီ။

ထိုမှတစ်ပါး ၂၀၀၃ခုနှစ် အောက်တိုဘာအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်အဖြစ် Bali Concord II ကိုချမှတ်နိုင်ခဲ့ပြီးဖြစ်၏။ ယင်းသည် ပထမမဏ္ဍိုင် လုံခြုံရေးအသိုက်အဝန်း၊ ဒုတိယမဏ္ဍိုင် စီးပွားရေး အသိုက်အဝန်း၊ တတိယမဏ္ဍိုင် လူမှုရေးနှင့်ယဉ်ကျေးမှု အသိုက်အဝန်း ဟူသော အဓိကမဏ္ဍိုင် (Pillars)သုံးရပ်အပေါ်၌ အခြေပြုထား၏။

ပထမမဏ္ဍိုင် လုံခြုံရေးအသိုက်အဝန်း

အာဆီယံနိုင်ငံများအတွင်း ပိုမိုပူးပေါင်း ဆက်ဆံခြင်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ ပြည်ပစွက်ဖက်မှုကင်းရှင်းပြီး တစ်နိုင်ငံ၏အချုပ်အခြာ အာဏာကို တစ်နိုင်ငံက လေးစားရန်၊ ဒေသတွင်းနိုင်ငံများအချင်းချင်းပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းအားဖြင့် ပိုမိုလုံခြုံမှုရှိစေရန်၊ ငြိမ်းချမ်းတည်ငြိမ်သော အာဆီယံဒေသအဖြစ် ထူထောင်သွားရန်။

ဒုတိယမဏ္ဍိုင် စီးပွားရေးအသိုက်အဝန်း

အာဆီယံနိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာစီးဆင်းစေရန် အာဆီယံဒေသကို တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုဒေသအဖြစ် ပေါ်ထွက်လာစေပြီး ဆင်းရဲမွဲတေမှု လျှော့ချရန်၊ လူမှုရေးနှင့်စီးပွားရေးကွာဟမှုများ လျှော့ချရန်။

တတိယမဏ္ဍိုင် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း

အာဆီယံမျှော်မှန်းချက်နှင့်အညီ လူတန်းစား အသီးသီး၏ လူနေမှုအဆင့်အတန်း မြင့်မားမှု၊ ပညာအရည်အသွေးမြှင့်တင်မှု၊ ကူးစက်ရောဂါများကင်းရှင်းမှု၊ ပညာရှင်များနှင့်အနုပညာရှင်များ ပိုမိုထိတွေ့ဆက်ဆံမှု၊ အပြန်အလှန်နားလည်မှုနှင့်ယဉ်ကျေးမှုထိန်းသိမ်းဖလှယ်မှုတို့ဖြင့်သာယာချမ်းမြေ့သော လူ့ပတ်ဝန်းကျင်ကို ထူထောင်သွားရန်။

ယင်းအဓိကမဏ္ဍိုင်ကြီးသုံးရပ် အခိုင်အမာအုတ်မြစ်ချတည်ဆောက်နိုင်သည်နှင့်အမျှ အာဆီယံမိသားစုကြီးသည် လုံခြုံမှုအပြည့်အဝရှိသော၊စီးပွားရေးတောင့်တင်းခိုင်မာသော၊ လူမှုရေးနှင့်ယဉ်ကျေးမှုပြည့်စုံသော မိသားစုကြီးအဖြစ် ဖြစ်ထွန်းလာမည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းမျှော်မှန်းချက်အရ ယခု ကတည်းက စတင်ပြီး မိမိတို့ဘက်မှ ဆောင်ရွက်ဖွယ်ရာတို့ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန် စနစ်တကျ စီမံချမှတ်ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။

(၂) မြန်မာ+အိမ်နီးချင်း၃

မြန်မာနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုဟူသည့် လေးနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်နိုင်ရေး ထိပ်သီးညီလာခံ တစ်ရပ်ကို ၂၀၀၃ခုနှစ် နိုဝင်ဘာ၌ ပုဂံမြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ။

- လေးနိုင်ငံအကြား နယ်စပ်ဒေသများ၌ စွမ်းဆောင်ယှဉ်ပြိုင်မှု မြှင့်တင်ရန်၊
- ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရန်၊
- အခွင့်အလမ်း ပိုကောင်းသည့်ဒေသများသို့ စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်၊
- အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှု လျော့နည်းစေရန်၊
- လေးနိုင်ငံစလုံး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတသည့် သာယာဝပြောမှုစဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးမြှင့်တင်ပေးရန်။

ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများ

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ စုစုပေါင်း ကဏ္ဍကြီးခုနစ်ရပ်။

(၃)အာဆီယံ+၃

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံမှုတိုးမြှင့်လျက်ရှိ၏။

(၄)အာဆီယံ+အိန္ဒိယ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်ဆက်ဆံမှု တိုးမြှင့်လျက်ရှိ၏။

(၅)အာဆီယံ+ဘင်းမ်စတက်

အသင်းဝင်နိုင်ငံများ၏ နိုင်ငံအမည် အစအက္ခရာများဖြစ်သော ဘင်္ဂလားဒေ့ရှ် (B)၊ အိန္ဒိယ (I)၊ မြန်မာ (M)၊ သီရိလင်္ကာ (S) နှင့် ထိုင်း(T)တို့ပေါင်းပြီး ဘင်မ်းစတက်ဟု ခေါ်ဝေါ်သော ငါးနိုင်ငံအဖွဲ့နှင့် အာဆီယံ(၁၀) နိုင်ငံအဖွဲ့တို့အကြား ပထဝီအနေအထားအရ လမ်းပန်းဆက်ရေးအချက်အချာ နေရာ၌ မြန်မာနိုင်ငံတည်ရှိနေခြင်းက ကံတရား၏ကောင်းခြင်းဆုကို မြန်မာတို့အလိုလို ရရှိနေခြင်းဖြစ်၏။ တစ်နည်းပြောရလျှင် ဤအရှေ့တောင်အာရှနှင့် တောင်အာရှရှိနိုင်ငံများအကြား မြန်မာနိုင်ငံက အလိုလိုမဟာဗျူဟာမြောက်နေခြင်းဖြစ်၏။ တစ်နည်းထပ်ပြောရလျှင် မြန်မာနိုင်ငံ ကံကောင်းပြီး ဖြစ်နေခြင်းဖြစ်၏။

ကမ္ဘဒဿနအရ ကံကောင်းပြီး မြန်မာနိုင်ငံအဖို့ ဉာဏ်ကောင်းရန်နှင့် ဝီရိယကောင်းရန်သာ လိုတော့ရာထိုက်၊ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးစလုံး အညီအမျှ ကောင်းလာသော နေ့တစ်နေ့ဝယ် မြန်မာသည် အာရှဦးဆောင်ဖြစ်မလာနိုင်ဟု မည်သူငြင်းရဲမည်နည်း။

လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးတို့၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းသော ဘင်းမ်စတက်အဖွဲ့ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၈ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်သစ်အဖြစ် လျှောက်ထားလာသည့် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် အဖွဲ့ကြီးက လက်ခံခဲ့သောကြောင့် ဥပမာရှိုင်းရသော် မြစ်ကြီးငါးသွယ် အပေါင်းအဆုံ ပင်လယ်ပြင်ကြီးသို့ ရေစီးအားကောင်းနေသည်တွင် နောက်ထပ်မြစ်နှစ်သွယ် ထပ်မံ ပေါင်းစည်း စီးဝင်လာနေပြီဖြစ်ရကား ဘင်းမ်စတက် ပင်လယ်ပြင်အလှသည် မကြာမီကာလအတွင်း ထင်းထင်းထင်ပေါ်လွင်လာတော့လတ္တံ့။ မြန်မာ့လှိုင်းကြက်ခွပ်များ၏ လှိုင်းပုတ်သံ ညံညံဝေ ကြားလာရတော့လတ္တံ့။

(ဂ)

“ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်းအကျိုးစီးပွားအလို့ငှာ အပြုသဘော ဆက်သွယ်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစပြုနေပြီဖြစ်သည်ကိုလည်း ကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

“သို့သော်လည်း အနောက်နိုင်ငံကြီး အချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် အကြောင်းပြချက်အမျိုးမျိုးနှင့် ဖိအားများအဖုံဖုံပေးလျက် ရှိနေဆဲပင်ဖြစ်ကြောင်း၊ မူလက မြန်မာနိုင်ငံအပေါ် စွပ်စွဲလုပ်ဆောင်နေသည့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး၊ အတင်းအဓမ္မစေခိုင်းမှုဆိုသော စွပ်စွဲမှုများသာမက ကဏ္ဍသစ်များ ရှာဖွေပြီး ဖိအားပေးမှုအမျိုးမျိုး လုပ်ဆောင်လျက်ရှိရာတွင် ယခုအခါ ကလေးသူငယ် စစ်သည်များကိစ္စကို ရှေ့တန်းတင်ပြီး စစ်မျက်နှာသစ် တစ်ရပ်ဖွင့်လာသည်ကို တွေ့ရှိနေရပြန်ကြောင်း”

ယင်းသို့သော မမှန်မကန်လုပ်ကြံစွပ်စွဲမှုများကို မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သော အချက်အလက်များဖြင့် စနစ်တကျတုံ့ပြန်လျက်ရှိခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ လူ့အခွင့်အရေးအခြေအနေတို့ကို မှန်ကန်စွာ သိရှိနိုင်စေရန် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမိုင်းလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးအစီရင်ခံစာ တင်သွင်းသူ ပါမောက္ခပင်ဟေးရိုးတို့ကို မြန်မာနိုင်ငံ၌ လက်ခံခဲ့ပြီး အခြေအနေမှန်များ၊ နိုင်ငံတော်အစိုးရ၏ သဘောထားမှန်များကို ရှင်းလင်းပြောကြားပေးခြင်း၊ ၎င်းတို့ကို လွပ်လပ်စွာ လေ့လာခွင့်ပြုခြင်းများကြောင့် “စွပ်စွဲချက်သည် စွပ်စွဲချက်သာ” ဟူသော အမှန်သဘာဝတစ်ရပ် ပေါ်လွင်လျက် ရှိနေလေ၏။ တစ်နည်းပြောရလျှင် “စွပ်စွဲချက်သည် အမြင်ဝါးအထင်သာ”ဟု ပေါ်လွင်လျက်ရှိနေလေ၏။ ထပ်တစ်နည်းပြောရလျှင် “စွပ်စွဲချက်သည် အရှက်မဲ့ဗာလာနံတို့၏ဝါစာကဏ္ဍ၊ ကူလီကူမာသာ”ဟုဖြစ်၏။

မှန်လေစွ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဟူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရေးပါဟူ၍ဖြစ်စေ၊ ပါတီ တစ်ဖွဲ့တစ်ခု၏အရေးပါဟူ၍ဖြစ်စေ သဘောမထားပါဆိုလျှင်...၊ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟူသည် လူမျိုးပေါင်းတစ်ရာကျော် စုစည်းဖြစ်တည်နေသည့် ပြည်ထောင်ကြီးတစ်ခုလုံး၏ အရေးပါဟူ၍ သဘောထား အမြင်ရှိသည်ဆိုပါလျှင် ထိုထိုစွပ်စွဲချက်များ၊ ချွတ်လွဲချက်များ၊ မဟုတ်မဟတ်များ၊ အပုပ်အစပ်များ၊ မမှန်မကန်များ၊ အကြံအဖန်များစသော များ--များ--တို့သည် ပေါ်ကိုပေါ်လာမည် မဟုတ်ပါချေ။ ယခုမူ--။

ရှိစေ၊ ရှိစေတော့။မည်သို့ပင်ရှိသည်ဖြစ်စေကာမူ--၊

(ဆက်လက်ဖော်ပြပါမည်။)

ပညာပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန်လိုအပ်
နိုင်ငံတကာအတွေ့အကြုံအရ ကြက်သားစားသူများ ကြက်ငှက်ရောဂါဖြစ်ပွားမှုမတွေ့ရှိရ

တွေ့ဆုံမေးမြန်းသူ-ဒွေးကြည်
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်ကလည်း ကြက်များကို စနစ်တကျ သယ်ဆောင်ဖို့နှင့် လတ်လတ်ဆတ်ဆတ် ချက်စားသင့်ကြောင်း ရှင်းပြခဲ့သည်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ယနေ့ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေမှုအခြေအနေကိုသိလိုသဖြင့် မိမိတို့သတင်းအဖွဲ့သည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးနှင့် ဘူတာရုံလမ်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သွားရောက်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအားတွေ့ဆုံမေးမြန်းခဲ့သည်။ မိမိတို့သည် ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကို တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ကျွန်တော်တို့ ယနေ့ နိုင်ငံအချို့တွင် ဖြစ်ပေါ်နေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေကို သိပါရစေ။

ဖြေ။ ။ ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေကို ပြောရမယ်ဆိုရင် အခြားနိုင်ငံတွေရဲ့ အခြေအနေတွေကနေ စပြောရမှာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့က တောင်ကိုရီးယားမှာ စဖြစ်ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့မှာတော့ ကနေဒါနိုင်ငံမှာ ဖြစ်တယ်လို့သိရပါတယ်။ အခု ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေတာ ကမ္ဘာပေါ်မှာ ၁၂နိုင်ငံရှိသွားပြီ ဖြစ်ပါတယ်။ ဇန်နဝါရီလမှာ ဖြစ်ပွားမှု စိပ်ပြီးတော့ ဖေဖော်ဝါရီလမှာတော့ ဖြစ်ပွားမှုကျဲသွားတာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေအထားကိုကြည့်မယ်ဆိုရင် ဒီနေ့အထိ ဖြစ်ပွားမှုမရှိသေးပါဘူး။ ဘာ့ကြောင့် မဖြစ်တာလဲဆိုလို့ရှိရင် ကျွန်တော်တို့ အနေနဲ့သတင်းရတာနဲ့ ဝင်ပေါက်တွေကို ပိတ်လိုက်တယ်။ ဂိတ်ပေါက်တွေကနေ စောင့်ကြည့်တယ်။ ထိုင်းနယ်စပ် ၁၅ မြို့နယ်မှာရှိတဲ့ ကြက်တွေကို စစ်ဆေးစေပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ ကြက်ခြံတွေကို စောင့်ကြည့်ခိုင်းတယ်။ ကြက်မှာဖြစ်တတ်တဲ့ အခြားရောဂါတွေ ဖြစ်လာရင်လဲ ဓာတ်ခွဲခန်းပို့ပြီးစစ်ဆေးတယ်။ မွေးမြူရေးနဲ့ဆက်စပ်နေတဲ့ လူတွေကိုလဲ စစ်ဆေးစေတယ်။ အဲဒီလို အရှိန်မြှင့် စစ်ဆေးခဲ့တာဟာ ပြည်နယ်နှင့်တိုင်း ၁၄ ခုမှာရှိတဲ့ စီးပွားဖြစ် မွေးမြူရေးခြံပေါင်း ၆၅၄၅ ခြံမှာရှိတဲ့ ကြက်ကောင်ရေပေါင်း ၇ ဒသမ ၃ သန်း စစ်ဆေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်တွေကိုလဲ ဝန်ကြီးဌာနကို နေ့စဉ်တင်ပြခဲ့ပါတယ်။

ဒါ့အပြင် ပြည်နယ်နှင့်တိုင်းတွေမှာ ပညာပေး ဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီနေ့အထိ ပြည်နယ်နှင့်တိုင်း ရှစ်ခုမှာ (၃၇)ကြိမ် ပြုလုပ်ပြီးပါပြီ။ ဟောပြောတဲ့နေရာမှာလဲ မွေးမြူရေးနဲ့ဆက်စပ်နေသူတွေသာမက စားသုံးသူတွေကိုပါဘယ်လိုချက်ပြုတ်စားသောက်ရမယ်ဆိုတာ ဟောပြောခဲ့ပါတယ်။ နောက်ပြီး ကျန်းမာရေးဦးစီးဌာနမှာ ရှိတဲ့ ပညာရှင်တွေနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကပညာရှင်တွေ ပူးပေါင်းပြီး ဒီရောဂါနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲလုပ်တာလဲ သုံးကြိမ်ရှိပါပြီ။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနမှာလဲ ရန်ကုန်တိုင်းမွေးမြူရေး အဖွဲ့ချုပ်က ဦးစီးပြီး ဟောပြောပွဲတွေ လုပ်ပါတယ်။ အဲဒီမှာစားသုံးသူတွေ ဘယ်လိုချက်ပြုတ်စားသုံးရမယ် ဆိုတာပါသလို မွေးမြူရေးသမားတွေအနေနဲ့ ရှောင်ရန်၊ ဆောင်ရန်တွေကို ဟောပြောခဲ့ပါတယ်။ ဒီဟောပြောပွဲမှာ မဂ္ဂဇင်း၊ ဂျာနယ်ကစာနယ်ဇင်းသမားတွေပါတဲ့ အတွက်ဟောပြောပွဲအပြီးမှာ ကာကွယ်ဆေး၊ ကုသဆေး ရှိပါသလားဆိုတဲ့ မေးခွန်းတွေလဲ မေးပါတယ်။ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေ အနေနဲ့ ကာကွယ်ဆေးကတော့ မရှိသေးပါဘူး။ ကုသဆေးတွေကတော့ အဆင်သင့်ရှိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။

မေး။ ။မွေးမြူရေးသမားတွေအနေနဲ့ ကရော ဆရာတို့ အခုလို ပညာပေးဟောပြောမှုတွေအပေါ်လိုက်နာမှုရှိပါသလား၊ ပါဝင်ကူညီမှုရော ရှိပါသလား။

"နိုင်ငံတကာ အတွေ့အကြုံအရရော၊ ကျွန်တော်တို့နိုင်ငံရဲ့ အတွေ့အကြုံအရရော ကြက်သားစားသုံးသူတွေမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတာ မတွေ့ရသေးပါဘူး"
ဒေါက်တာစိုးလွင်ငြိမ်း ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဖြေ။ ။ဟုတ်ကဲ့ ရှိပါတယ်။ သူတို့အနေနဲ့ကလဲ စိုးရိမ်ကြောင့်ကြမှုတွေ ရှိပါတယ်။ ကြက်ခြံတစ်ခုမှာ ရောဂါနည်းနည်းဖြစ်လိုက်တာနဲ့ ချက်ချင်းလာရောက် သတင်းပို့ကြပါတယ်။ ကျွန်တော်တို့အပိုင်းကလဲ ရောဂါကို ချက်ချင်းစစ်ဆေးပေးပြီး ဘာရောဂါဆိုတာ ခွဲခြားပေးပါတယ်။

မေး။ ။နိုင်ငံတကာကသတင်းအချက်အလက်တွေကိုရော ဆရာတို့အနေနဲ့ ဘယ်လို ရရှိအောင် ဆောင်ရွက်ပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေး ရောဂါနဲ့ပတ်သက်တဲ့သတင်းတွေကို အင်တာနက်ကနေပြီးတော့ နေ့စဉ်ထုတ်ယူပါတယ်။ FAO က ပို့တဲ့ သတင်းတွေလဲ ရှိပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ တိရစ္ဆာန် ကျန်းမာရေး အဖွဲ့ချုပ်က ပေးပို့တဲ့သတင်းတွေကို ကျွန်တော်တို့အနေနဲ့ကူးယူပြီး သက်ဆိုင်ရာဌာနတွေကို ဖြန့်ဝေပေးပါတယ်။ အဲဒီလို စနစ်တကျ ပညာပေးနိုင်တာကြောင့်လဲ ကျွန်တော်တို့ နိုင်ငံမှာ ယနေ့အထိ ကြက်ငှက် တုပ်ကွေးရောဂါ မပေါ်ပေါက်သေးတာဖြစ်တယ်လို့ပြောကြားလိုပါတယ်။

မေး။ ။အခုအထိ ကြက်ငှက်တုပ်ကွေးရောဂါမကျရောက်အောင်ဆောင်ရွက်ထားနိုင်သလို နောင်ကိုလဲ ကျွန်တော်တို့နိုင်ငံကို ဒီရောဂါမကျရောက်အောင် ဆရာတို့အနေနဲ့ဘယ်လိုအစီအစဉ်များ ဆောင်ရွက်ထားရှိပါသလဲ သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့နိုင်ငံမှာ နောင်ကိုလဲ ဒီကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်နိုင်အောင် ကျွန်တော်တို့အနေဖြင့် ဘယ်လိုဆောင်ရွက်ကြမယ်၊ ပြည်သူတွေအနေနဲ့လဲ ကြက်သားကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်အောင် ဘယ်လို ဆောင်ရွက်မယ်ဆိုတာ ကျွန်တော်တို့ စဉ်းစားထားရပါတယ်။ **အခုအချိန်မှာ ပြည်ပနိုင်ငံတွေမှာလဲ ဒီရောဂါဖြစ်ပွားမှု ကျဲလာသလို ရာသီဥတုအနေနဲ့လဲ ပူနွေးလာပြီဖြစ်ပါတယ်။ ရာသီဥတုပူလာရင် ဒီရောဂါလဲ ပပျောက်သွားနိုင်တယ်ဆိုတဲ့ ယူဆချက် ကျွန်တော်တို့မှာ ရှိပါတယ်။** ကျွန်တော်တို့အနေနဲ့ တစ်ပြည်လုံးအတိုင်းအတာနဲ့ သတိရှိရှိ ဆောင်ရွက်ထားကြပြီးဖြစ်တဲ့ ပညာပေးမှုတွေကြောင့် ကြက်မွေးမြူသူတွေရော၊ ကြက်ရောင်းတဲ့ လူတွေပါ ပညာပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နေကြပါတယ်။ နောင်လဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေအောင် ကျွန်တော်တို့ အနေနဲ့ ဆက်လက်ဆောင်ရွက်သွားပါမယ်။

နောက်တစ်ချက်စောင့်ကြည့်ရမှာကတော့ ငှက်တွေပါပဲ။ သိပ်အေးတဲ့ အရပ်က ငှက်တွေဟာ အခုလိုပူနွေးတဲ့ ရာသီမှာ ကျွန်တော်တို့ နိုင်ငံကို လာတတ်ပါတယ်။ အဲဒီငှက်တွေမှာ ရောဂါပါလာရင် အဲဒီငှက်တွေကနေ ငှက်ငှက်ချင်း ကူးပြီး အဲဒီကမှတစ်ဆင့် မွေးမြူရေးကြက်တွေကို ကူးလာနိုင်ပါတယ်။ ဒါကြောင့် အဲဒီငှက်တွေကို စောင့်ကြည့်ဖို့လိုပါတယ်။

နောက်တစ်ချက်ကတော့ ကြက်တွေသယ်ယူတဲ့နေရာမှာ ဖောက်ထိုးဆွဲမသယ်ဘဲနဲ့ ခြင်းတွေနဲ့သယ်ယူကြရပါမယ်။ အဲဒါကိုလဲ ကဏ္ဍတစ်ခုအနေနဲ့ ပညာပေးရမှာဖြစ်ပါတယ်။ ဒီလိုအစဉ်တစိုက် လုပ်သွားမယ်ဆိုရင် ကြက်ငှက် တုပ်ကွေး ရောဂါကို ကာကွယ်တားဆီးသွားနိုင်မှာ ဖြစ်ပါတယ်ဟု ရှင်းပြသည်။

ထို့နောက် မိမိတို့အဖွဲ့သည် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ရောဂါရှာဖွေထိန်းချုပ်ရေး ဌာနခွဲ ရောဂါပျံ့နှံ့မှု လေ့လာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ ဒွေးမောင်ကို ထပ်မံတွေ့ဆုံခဲ့ပါသည်။

မေး။ ။ ဆရာတို့ ရောဂါရှာဖွေထိန်းချုပ်ရေးဌာနခွဲအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ဘယ်လိုများ ဆောင်ရွက်ထားရှိတယ်ဆိုတာလေး သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့ဌာနခွဲအနေနဲ့ အနယ်နယ်အရပ်ရပ်မှ ရောဂါဖြစ်ပွားတဲ့ ကြက်တွေကို လာရောက်ပေးပို့တဲ့ အခါမှာသော်လည်းကောင်း၊ နယ်မြေဒေသအချို့မှာကူးစက်ရောဂါကျရောက်နေတယ်လို့ သတင်းရရှိတဲ့အခါမှာ သော်လည်းကောင်း ရောဂါနမူနာပစ္စည်းများကိုရယူပြီး တိကျတဲ့ရောဂါကို အဖြေရှာဖော်ထုတ်ပေးပါတယ်။ အခုရာသီမှာ မြန်မာနိုင်ငံမှာ ကြက်လည်လိမ်ရောဂါ ဖြစ်ပွားတတ်တဲ့ အချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနခွဲအနေနဲ့ ရောဂါကျရောက်တဲ့ ကြက်ခြံကို ကွင်းဆင်းစစ်ဆေးကြပါတယ်။ ပထမမျက်မြင်အနေအထားကို စစ်ဆေးပါတယ်။ နောက်ပြီးမွေးမြူမှုကောင်ရေ၊ သေဆုံးမှုကောင်ရေ၊ မွေးမြူရေးစနစ်၊ ကာကွယ်ဆေးသုံးစွဲမှုတွေ မေးမြန်းပြီး မှတ်တမ်းတင်ထားပါတယ်။ သေဆုံးတဲ့ကြက်၊ ရောဂါဖြစ်နေတဲ့ကြက်တွေကို ဓာတ်ခွဲခန်းမှာ ရောဂါ စစ်ဆေးပါတယ်။ ကျန်းမာနေတဲ့ ကြက်တွေရဲ့ သွေးရည်နမူနာကို ယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပါတယ်။

"စနစ်တကျ ပညာပေးနိုင်တာကြောင့် ကျွန်တော်တို့နိုင်ငံမှာ ယနေ့အထိ ကြက်ငှက်တုပ်ကွေးရောဂါ မပေါ်ပေါက်သေးတာ ဖြစ်ပါတယ်"
ဒေါက်တာသန်းထွန်း ညွှန်ကြားရေးမှူး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ကြက်အသေကောင်ကို ခွဲစိတ်၊ ဓာတ်ခွဲ စစ်ဆေးပြီးတော့မှ ပဏာမအနေနဲ့ဒီရောဂါဟာ ဘာရောဂါဖြစ်ပါတယ်ဆိုတာ ကြက်ခြံကို ပြန်ကြားပေးပါတယ်။ အဲဒီလိုစစ်ဆေးပြီးမှ အဲဒီကြက် အစိတ်အပိုင်းတွေကို ဘက်တီးရီးယားဓာတ်ခွဲခန်းနဲ့ ဗိုင်းရပ်(စ်)ဓာတ်ခွဲခန်းတွေကို ပို့ပြီးတော့ ပိုးမျိုးစစ်ဆေးတာတွေကို ဆောင်ရွက်ပါတယ်။ နောက်ပြီး ကြက်ရဲ့လေပြွန်၊ အူ၊ စအိုစသည်တို့မှ ရောဂါနမူနာပစ္စည်း တို့ပတ်တွေကို SD Bioline Avian Influenza Virus Antigen Test နဲ့ ကျန်းမာရေးဌာနက ဝန်ထမ်းများနဲ့ ပူးပေါင်းပြီး စစ်ဆေးကြပါတယ်။

သေဆုံးတဲ့ ကြက်သေတွေကိုလဲ ဒီရောဂါရှိမရှိ စစ်ဆေးရာမှာ အတွင်းအင်္ဂါအစိတ်အပိုင်းများနှင့် အစာချေလမ်းကြောင်းမှာရှိတဲ့ အတွင်းပစ္စည်းတွေ စစ်ဆေးနိုင်ရန်အတွက်အမြဲပေးပို့ပြီးစစ်ဆေးစေပါတယ်။

ဒီလိုစစ်ဆေးနေချိန်မှာပဲ မော်လမြိုင်ဘက်မှာ ကျီးကန်းတွေကျတယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ရရှိခဲ့ပါတယ်။ ကျီးသေငါးကောင်ကိုလဲ စစ်ဆေးဖို့ ပေးပို့ရာမှာ ဖေဖော်ဝါရီ ၁၇ရက်မှာရရှိခဲ့ပါတယ်။ဒါကြောင့် ကျန်းမာရေးဌာနက ဆရာဝန်ကြီးများနဲ့ ပူးပေါင်းပြီး ပဏာမစစ်ဆေးဆောင်ရွက်ခဲ့ရာမှာ Avian Influenza မဟုတ်ဘူးဆိုတာ တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့် လေပြွန်၊ အူလမ်းကြောင်း၊ စအို၊ တို့ပတ်တွေကိုယူပြီး စစ်ဆေး စမ်းသပ်တဲ့ အခါမှာလဲ Avian Influenza မဟုတ်ကြောင်း တွေ့ရှိရပါတယ်။ နောက်ကျွန်တော်တို့ အနေနဲ့ ကျီးကန်းရဲ့ အတွင်းကလီစာတွေကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဓာတုဝန်ရုံးကိုပို့ပြီး ဆက်လက်စစ်ဆေးစေပါတယ်။

ညွှန်ကြားရေးမှူးချုပ်နဲ့ကျွန်တော်တို့ကိုယ်တိုင် မော်လမြိုင်ကို လိုက်သွားပြီး စစ်ဆေးကြည့်ရှုရာမှာ အခြားနေရာတွေမှာ မဖြစ်ဘဲ ဒီတစ်နေရာမှာသာ ကွက်ဖြစ်တဲ့အတွက်ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်နိုင်ဘူးလို့ ယူဆခဲ့ပါတယ်။အဲဒီအချိန်မှာပဲ ဓာတုဝန်ရုံး၏ စစ်ဆေးချက်က ဆိုက်ပါမီသရင်း (Cypermethrin) အဆိပ်မိလို့ သေတယ်လို့ အကြောင်းပြန်တဲ့ အတွက် မော်လမြိုင်ကလူတွေကို အဲဒီ ကျီးတွေဟာ အဆိပ်မိလို့သေကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်ဟု ရှင်းပြခဲ့သည်။

ထို့နောက်မိမိတို့အဖွဲ့သည်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်ကိုလဲ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ဆရာတို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ထားရှိမှုများအပေါ် ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ ခင်ဗျာ။

ဖြေ။ ။ကျွန်တော်တို့ဌာနအနေနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဒီကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေတဲ့ သတင်းကြားလျှင်ကြားချင်းပဲ နယ်စပ်ဂိတ် တွေကို ပိတ်ပါတယ်။ လေဆိပ်၊ ရေဆိပ်တွေမှာလဲ ကြက်ကိုရော၊ ကြက်နှင့် ပတ်သက်တဲ့ပစ္စည်းကိုရော ပိတ်ပင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မတားနိုင်တာ တောရိုင်းတိရစ္ဆာန်တွေကိုပါပဲ။ ဆောင်းကာလမှာ ကမ္ဘာ့မြောက်ခြမ်းမှာရှိတဲ့ ငှက်တွေဟာ ပူနွေးတဲ့ကျွန်တော်တို့ အီကွေတာနိုင်ငံတွေ

မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ရောဂါရှာဖွေ ထိန်းချုပ်ရေးဌာနစုမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ဒွေးမောင်က ၎င်းတို့ဌာနစု၏ ဆောင်ရွက် ထားရှိမှုများကို ရှင်းပြစဉ်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ကို ရောက်လာတတ်ကြပါတယ်။ ဒါကြောင့်သူတို့နဲ့အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပါလာနိုင်ပါတယ်။ တချို့နိုင်ငံတွေမှာလဲ ဆောင်းခိုငှက်တွေက ဖြစ်တယ်လို့ ကြေညာတာတွေ ကြားသိရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တောရိုင်းတိရစ္ဆာန်တွေရဲ့ စည်းကမ်းဥပဒေအရ သူတို့ရဲ့ အသိုက်အမြုံတွေကို ဖျက်ဆီးပစ်လို့တော့မရပါဘူး။ သူတို့ကို စောင့်ကြည့်နေရပါတယ်။

သေဆုံးမှုတို့ ဘာတို့တွေ့ရင်တော့ အနီးဆုံးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို အကြောင်းကြားပါ။ အဲဒီလိုမှ အကြောင်းမကြားနိုင်ရင်တော့ ခြောက်ပေလောက် တွင်းအနက်တူးပြီး ထုံးမှုန့်ဖျန်း မြေမြှုပ်ပစ်ရပါမယ်။ သေဆုံးမှုကောင်ရေများရင်တော့ ၁၅ပေလောက်အနက်တူးပြီးမြှုပ်ရပါမယ်။ ဒါကတော့ တောရိုင်းတိရစ္ဆာန်အပိုင်းဖြစ်ပါတယ်။ ကြက်မွေးမြူရေး ခြံတွေမှာတော့ ကျီးကန်းတွေ၊ ခိုတွေ၊ စာကလေးတွေ ကြက်ခြံထဲမဝင်နိုင်အောင် ပိုက်တို့၊ သံဆန်ခါတို့ ကာရံထားပြီး ငှက်တွေမှတစ်ဆင့် ရောဂါကူးနိုင်မှုကို တားဆီးဆောင်ရွက်ဖို့လိုပါတယ်။ ဒီငှက်တွေကိုလဲ ကြက်ခြံအနီးမလာနိုင်အောင် ခြောက်လှန့် တားဆီးထားနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

ကြက်သား စားသုံးသူတွေအနေနဲ့လဲ ကျွန်တော်တို့ နိုင်ငံမှာ ယခုထက်ထိ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးတဲ့အတွက် ပွက်ပွက်ဆူအောင် ကျော်ချက်စားရင် အန္တရာယ်မရှိပါဘူး။ ကြက်ကိုင်တဲ့ လူအနေနဲ့ကတော့ ကြက်သွေးတွေ ဘာတွေ မိမိကိုယ်ကိုမထိ၊ မစဉ်အောင် ကိုင်တွယ်ပြီး လက်တွေကိုလဲ ဆပ်ပြာနဲ့ စင်စင်ကြယ်ကြယ်ဆေးကြောဖို့ လိုပါတယ်။ ကြက်ကို ကိုင်တွယ်တဲ့အခါမှာ အဆစ်ကလေးတွေအလိုက် ဖြတ်ပြီး ကိုင်တွယ်ရင် အလွယ်တကူ ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုကတော့ ကြက်တွေကို တစ်နေရာက တစ်နေရာကိုသယ်တဲ့အခါ သက်သက်သာသာနဲ့ သယ်ဆောင်ရမှာဖြစ်ပါတယ်။ စက်ဘီးတွေနဲ့ တွဲလောင်းသယ်တာမျိုး၊ ကားနောက်မှာ တွဲလောင်းသယ်တာမျိုး မလုပ်ဘဲနဲ့ သူတို့ကို ခြင်း စသည်တို့နဲ့ စနစ်တကျသယ်ဖို့လိုပါတယ်။

ကျွန်တော်ပြောသလို ကြက်ကို တွဲလောင်းသယ်မယ်ဆိုရင် ကြက်ရဲ့လည်ချောင်းကနေ ချွဲတွေဟာ လမ်းတစ်လျှောက်ကျသွားနိုင်တယ်။ အဲဒီကနေ ရောဂါကူးစက်နိုင်ပါတယ်။ ကြက်ကိုလဲ ရေခဲသေတ္တာထဲမှာ မထားဘဲ လတ်လတ်ဆတ်ဆတ်ပဲ ချက်ပြုတ်စားသောက် သင့်ပါတယ်ဟု ရှင်းပြခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည်လူတွင်ဖြစ်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါတားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်ထားရှိနေသည်ကို သိရှိနိုင်ရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းကိုလဲ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဆရာတို့အနေနဲ့ ကြက်ငှက်တုပ်ကွေးရောဂါ လူများကို မကူးစက်နိုင်အောင် ဆောင်ရွက်ထားရှိတဲ့ အခြေအနေကို သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့အနေဖြင့်လူများဖြစ်ပွားနိုင်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးနှင့် ကုသရေး လုပ်ငန်းတွေကို အခြားနိုင်ငံများ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ကျန်းမာရေးအဆင့်မြင့်ကျောင်းစံပြထူးချွန်ဆုရ အခြေခံပညာကျောင်းများအားဂုဏ်ပြု တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား၊ ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၂–၂၀၀၃ ပညာသင်နှစ်နှင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တို့တွင်ကျန်းမာရေး အဆင့်မြင့်ကျောင်းစံပြထူးချွန်ဆုရ အခြေခံပညာကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ငွေတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် မျိုးဆက်သစ်ကျောင်းသား လူငယ်များပေါ်ထွန်းလာရေးအတွက် အခြေခံပညာကျောင်းများတွင် ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ၂၀၀၂–၂၀၀၃ ပညာသင်နှစ်နှင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တို့တွင် ကျန်းမာရေးအဆင့်မြင့် ကျောင်းအထူးစံပြဆုရ အခြေခံပညာကျောင်းများကို တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လည်းကောင်း၊ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် ကျန်းမာရေးအဆင့်မြင့်ကျောင်း စံပြဆုရရှိသည့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ အခြေခံပညာကျောင်းများနှင့် ကျောင်းကျန်းမာရေး စံပြဆရာမဆုရရှိသည့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမဒေါ်စိုးသီတာမိုးကို ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လည်းကောင်း၊ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ကျန်းမာရေးအဆင့်မြင့် ကျောင်းစံပြဆုရရှိသည့် အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့်ရရှိသည့် ကျောင်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်ကလည်းကောင်း၊ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ကျန်းမာရေးအဆင့်မြင့်စံပြဆုရရှိသည့် အခြေခံပညာမူလတန်းအဆင့်နှင့် ခရိုင်အဆင့်စံပြဆုရရှိသည့် အခြေခံပညာကျောင်းများကို ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၈ ရက်က အမှတ် ၂၀၄/၁ ဓမ္မစိုးလမ်း တောင်ဥက္ကလာပမြို့နယ်နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်အေးအား ရည်စူး၍ ဦးထွန်းလွင်–ဒေါ်အုန်းမြမိသားစုက လှူဒါန်းငွေ ကျပ်တစ်သိန်းကို ဗြဟ္မစိုဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၇–၂–၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ပထမနှစ်စိတ်ပညာ) Scope and Methals of Social Psfchology
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း–၁၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"**(အပိုင်း–၃၁)

ကိုယ်တိုင်ရေးရာဇဝင် ရုံသုံးရုံအပြိုင်ဝင်

လာမည့်သောကြာ ပေးဆပ်သူတို့နှလုံးသား ရုံဝင်မည်

ဟီးရိုးဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးသည့် **'ကိုယ်တိုင်ရေးရာဇဝင်'** ဇာတ်ကား ရုံဝင်လာသည်။ **'ကိုယ်တိုင်ရေးရာဇဝင်'**တွင် ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ မေသဉ္ဇာဦး၊ ဟက်ကက်နှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။

"မိသားစုဆိုတာ လှေတစ်စင်းနဲ့တူတယ်သား"ဆိုသော ဒေါ်သက်ထားတို့ မိသားစုနှင့် **"တော်တော့သမီး၊ ဖေဖေကိုယ်တိုင် ထောင်ချောက်ထဲဆင်းမိတော့မလို့"** ဆိုသော ဦးကိုကိုကြီးတို့ မိသားစုထဲ အေးချမ်းနှင့် အဂ္ဂဆိုသောလူငယ်နှစ်ဦး ဝင်ရောက်လာသောအခါ ကိုယ်တိုင်ရေးရာဇဝင်ဖြစ်လာသည်။ ကိုယ်တိုင်ရေးရာဇဝင်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။

နဝဒေးနှင့် ရွှေဆောင်ရုံတွင် **'မျက်နှာများတဲ့ကောင်းကင်'** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် Heroဇာတ်ကား ပြသလျက်ရှိသည်။ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **'ဝိညာဉ်ပစ်တဲ့မြား'**မှာ ရွှေဂုန်၊ စံပြ၊ သီတာနှင့် ရွှေမန်းရုံများတွင် ပြသနေပြီး **'ပေါက်ပေါက် မြောက်မြောက်'**မှာ ဝဇီရာ(၁)၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဇေယျာဝတီရုံများတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

ဘုရင့်ရုံတွင် ပြသနေသော အိန္ဒိယဇာတ်ကား Andaaz ဇာတ်ကားတွင် မယ်စကြဝဠာနှင့် မယ်ကမ္ဘာဆုရ မင်းသမီးနှစ်ယောက်ကို ပွဲထုတ်ထားသည်။

ဥရောပရုပ်ရှင်ပွဲတော် နဝဒေးရုံတွင် ပြသမည်

နဝဒေးရုပ်ရှင်ဥယျာဉ်တွင် မတ် ၆ ရက်မှ ၁၃ ရက်အထိ ဥရောပ

ရုပ်ရှင်သတင်းထောက်

ရုပ်ရှင်ကားများ ပြသမည်ဖြစ်ရာ မတ် ၆ ရက်နှင့် ၁၂ ရက်တွင် Bend it like Beckham ၊II Miracolo (The Miracle) မတ် ၈ ရက်နှင့် ၁၀ ရက်တွင် Wallace and Gromit၊ L'uomo in piu(An extra man) ၊ မတ် ၇ ရက်နှင့် ၁၃ ရက်တွင် Good Bye,Lenin၊Asterix and Obelix, mission Leopatra၊ မတ် ၉ရက်နှင့် ၁၁ ရက်တွင် Das Wunder Von Bern,Peut-etre(Maybe) ဇာတ်ကားများ ပြသမည်ဖြစ်သည်။

ကိုယ်တိုင်ရေးရာဇဝင် မှ ဒွေး၊ လွင်မိုး။

ပေးဆပ်သူတို့နှလုံးသား လာမည့်သောကြာရုံတင်မည်

VSမျိုး ရုပ်ရှင်ထုတ်လုပ်ရေးမှ ချစ်ဦးညို၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် **'ပေးဆပ်သူတို့နှလုံးသား'** ပုဂံရာဇဝင်ဇာတ်ကားကြီး လာမည့်သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။

'ပေးဆပ်သူတို့နှလုံးသား' ရာဇဝင်ဇာတ်ကားတွင် အနော်ရထာအဖြစ် ညွှန့်ဝင်း၊ ကျန်စစ်သားအဖြစ် ရန်အောင်၊ စောလူးမင်းအဖြစ် ကျော်ရဲအောင်၊ မဏိစန္ဒာအဖြစ် မျိုးသန္တာထွန်းတို့ ခေါင်းဆောင်ပါဝင်ထားသည့် ရာဇဝင်ဇာတ်ကားဖြစ်သည်။

(မြန်မာ့အလင်း)

ယခုသောကြာပတ်တွင် ရုံဝင်လာမည့် ပေးဆပ်သူတို့နှလုံးသား ဇာတ်ကားမှ ရန်အောင်နှင့်မျိုးသန္တာထွန်း။

ပေါ့ပေါ့ပါးပါးပြုံးဇာတ်ကား ရုပ်ရှင်အထူးပွဲပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ချစ်သူရုပ်ရှင်ထုတ်လုပ်ရေးက ပွဲဦးထွက်အဖြစ်ရိုက်ကူးထုတ်လုပ်သည့် **"ပေါ့ပေါ့ပါးပါးပြုံး"** ဇာတ်ကားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၇နာရီခွဲက သမ္မတရုပ်ရှင်၌ အထူးပွဲပြသရာ ရုပ်ရှင်လောကသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုကြသည်။

"ပေါ့ပေါ့ပါးပါးပြုံး" ဇာတ်ကားတွင် ကျော်ရဲအောင်၊ နန္ဒာလှိုင်နှင့် အိန္ဒြာကျော်ဇင်တို့က ခေါင်းဆောင်ပါဝင်ထားပြီး ဟာသသရုပ်ဆောင်များနှင့် ဇာတ်ပို့ဇာတ်ရန်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ကြသည်။ ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူးသည့် **"ပေါ့ပေါ့ပါးပါးပြုံး"**ဇာတ်ကားကို မတ်လဆန်းတွင် ရန်ကုန်မြို့လယ်ရုံကြီးများ၌ ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

လေ့လာရေးခရီးစဉ်နှင့်ဆွေးနွေးပွဲတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တွင် ကျင်းပမည့် Exchange Study Visit Programme for ASEAN Co-operatives Personnel and Leaders လေ့လာရေးခရီးစဉ်ကို တက်ရောက်ရန်အတွက် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်လင်း၊ ထက်အာကာကျော်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်မှ ဒါရိုက်တာ ဦးအေးမောင်နှင့် အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းတို့သည် ယမန်နေ့ညနေပိုင်းက မြန်မာ့လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ထို့အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် Seminar on Business Linkage Networking ˚of ˚Co-operative Women Group in ASEAN Countriesဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် အဏ္ဏဝါဒေဝီ ငါးဖမ်းနှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်မှ ဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်နှင့် Grand Health Care သမဝါယမအသင်းလီမိတက်မှ ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်တို့သည် ယမန်နေ့ ညနေပိုင်းက မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာအုပ်စု အမှတ်(၁၂) မူလတန်းလွန်ကျောင်းခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ခန်းဖွင့်လှစ်ခြင်း၊ မူခင်းကျဆင်းရေး ပညာပေးဟောပြောခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း အခမ်းအနားများကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်သန်းက မူခင်းကျဆင်းရေးအကြောင်း ပညာပေးဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အစာစပ်စက်ရုံ(လှော်ကား)ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၅၇)နှစ်မြောက် ပြည်ထောင်စုကိုဂုဏ်ပြုသောအားဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ တစ်နာရီ ၁၀ တန်ကျ အစာစပ်စက်ရုံ(လှော်ကား)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု အမှတ်(၄)လမ်းမကြီး၏အရှေ့ဘက်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်သိန်းတို့က စက်ရုံကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက စက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နာရီ ၁၀ တန်ဖြစ်၍ ကွန်ပျူတာသုံး လျှပ်စစ်ထိန်းချုပ်မှုစနစ်ဖြင့် ထုတ်လုပ်နိုင်ပြီး စက်စွမ်းအားပြည့် လည်ပတ်ချိန်တွင် တစ်လလျှင် ငါးစာတောင့် တန်ချိန် ၅၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ဥပုသ်နေ့)
၂၇-၂-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
- ၈:၂၀ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၁၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၅၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၈:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၁၅ ၁၁။ Discovery.
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success In Soccer
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂)
- ၁၉:၄၀ ၁၆။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"အမှားမရှိသောနေ့ရက်များ"** (လွင်မိုး၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၁။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၄၉)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အရည်အသွေးမြင့် ပတ္တမြားရိုင်းကြီး တူးဖော်တွေ့ရှိ နိုင်ငံတော်ရတနာအဖြစ် အပ်နှံသဖြင့် ထိုက်တန်စွာ ဆုချီးမြှင့်ပေးခဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးချုပ်အဆောက်အအုံ ယခုနှစ်အတွင်း အပြီးတည်ဆောက်မည်၊ ပြည်တွင်းဖြစ်ကားများကို အရည်အသွေးမြင့် ကြပ်မတ်စစ်ဆေးလျက်ရှိ၊ မြန်မာ့ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်သစ် တူးဖော်ထုတ်လုပ်ခွင့် ဒေဂူးထပ်မံရရှိ စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။ e-Empire Media House ဖုန်း-၇၀၃၈၀၃၈က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(အပေါ်ပုံ) (က-ပ)**

စာမျက်နှာ ၁၁ ဆောင်းပါးမှအဆက်

နည်းတူ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင် နိုင်ငံတွေမှာကြက်ငှက်တုပ်ကွေးရောဂါတွေ ဖြစ်ပွားနေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီရောဂါကူးစက်မှုအခွင့်အရေးက အများကြီး ရှိပါတယ်။ ဒါကြောင့်ကျွန်တော်တို့အနေနဲ့ အမျိုးသား ကျန်းမာရေးကော်မတီရဲ့ လမ်းညွှန်မှု၊ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ရဲ့ ဦးဆောင်ပံ့ပိုးမှုနဲ့ ဇန်နဝါရီလ ၂၀ရက်နေ့မှာကျန်းမာရေးဝန်ကြီးဌာန၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စီမံချက်ရေးဆွဲကာ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဖွဲ့စည်းရာမှာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးက နာယကအဖြစ် ပါဝင်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကုသကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့ ရောဂါအတည်ပြု သတ်မှတ်ရေး ဆပ်ကော်မတီ၊ ရောဂါထောက်လှမ်းကြည့်ရှုရေး ဆပ်ကော်မတီ၊ ဆေးဝါးကုသမှု ဆပ်ကော်မတီ၊ ဓာတ်ခွဲစမ်းသပ်ရေး ဆပ်ကော်မတီ၊ ဆေးဝါးပစ္စည်း ထောက်ပံ့ရေးဆပ်ကော်မတီနှင့်သတင်းနှင့်ကျန်းမာရေး ပညာပေးဆပ်ကော်မတီ ဆိုပြီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါအတည်ပြု သတ်မှတ်ရေးကော်မတီအနေဖြင့် အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ကြက်သေရင် ကြက်ငှက်တုပ်ကွေးဆိုပြီး ပြောနေမယ်ဆိုလျှင် ပြည်သူအတွင်းမှာ အထိတ်တလန့်ဖြစ်နိုင်တယ်။ ဒါကြောင့် ကြက်ခြံတစ်ခြံမှာ ကြက်တွေ ရောဂါဖြစ်ပြီး သေမယ်ဆိုရင် မွေးမြူရေးနှင့် ကုသရေးဌာန၊ ဒါမှမဟုတ် ကျန်းမာရေးဌာနကို သတင်းပို့ပြီး အဲဒီဌာနတွေက ဓာတ်ခွဲစမ်းသပ်ပြီး တွေ့ရှိချက်ကို ရောဂါအတည်ပြုသတ်မှတ်တဲ့ ဆပ်ကော်မတီကိုပို့ပြီး အတည်ပြုချက်ယူရမှာ ဖြစ်ပါတယ်။ ဒီလိုမလုပ်ရင် ကောလာဟလတွေ ဖြစ်ပြီး လူတွေအထိတ်တလန့် ဖြစ်နိုင်ပါတယ်။ ဒီကောလာဟလကြောင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းတွေမှာ ထိခိုက်နိုင်ပါတယ်။

ရောဂါထောက်လှမ်းကြည့်ရှုရေး ဆပ်ကော်မတီအနေနဲ့ကလဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဆိပ်ကမ်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ တရုတ်နှင့်ထိုင်းနိုင်ငံ အစရှိတဲ့ နယ်စပ်ဝင်ပေါက် ဒေသတွေမှာရှိတဲ့ မြို့နယ်တွေမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဝင်ရောက်လာသူတွေကို အဖျားရောဂါရှိ၊မရှိ သေသေချာချာ စိစစ်ပါတယ်။ အဖျားရောဂါရှိတဲ့လူတွေကို ရန်ကုန်မှာရှိတဲ့ ဝေဘာဂီဆေးရုံနဲ့ မန္တလေးကန်တော်နဒီ ဆေးရုံတွေမှာ စစ်ဆေးပါတယ်။ အဓိကကတော့ ဆေးရုံဝန်ထမ်းတွေနဲ့ ကြက်ဘဲလုပ်ငန်းတွေနဲ့ ဆက်စပ်မှုရှိသူတွေပါပဲ။ အဲဒီ လူမျိုးတွေမှာ ရောဂါဖြစ်ပွားလာရင်တော့ ကြက်ငှက်တုပ်ကွေးရောဂါ ဟုတ်၊ မဟုတ် ပိုမိုစစ်ဆေးပါတယ်။ ဒီလိုစိစစ်ဖို့အတွက်လဲ ဓာတ်ခွဲစမ်းသပ်တဲ့ပစ္စည်းတွေကလဲ အစုံအလင်ရှိပါတယ်။ ရောဂါဖြစ်လာရင်လဲ ဆေးဝါးအဆင်သင့်ရှိပြီးဖြစ်ပါတယ်။

ဒီရောဂါတွေ ဖော်ထုတ်ဖို့အတွက်လဲ ဓာတ်ခွဲစမ်းသပ်ရေး ဆပ်ကော်မတီဆိုတာရှိပါတယ်။ ဒီကော်မတီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးဆောင်ရွက်ပါတယ်။ အခုလဲပဲ ကြက်၊ ငှက်တွေသေဆုံးခဲ့ရင် ဓာတ်ခွဲစမ်းသပ်ကာ အတည်ပြုချက်လုပ်ငန်းတွေလုပ်ပါတယ်။

အခုထက်ထိတော့ **ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါဟာ ကြက်ငှက်၊ တိရစ္ဆာန်တွေမှာရော၊ လူများမှာပါ ဖြစ်ပွားမှု မရှိသေးပါဘူး။ ဖြစ်ရင်လဲ ဆေးဝါးကုသမှုကော်မတီဆိုတာ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီကော်မတီမှာ ကျွန်တော်တို့ဌာနက သမားတော်ကြီးတွေပါပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆရာဝန်ကြီးတွေလဲပါပါတယ်။**

နောက်ပြီး ကြက်ခြံမှာ တာဝန်ထမ်းဆောင်နေသူတွေ အနေနဲ့လဲ ကြက်ခြံထဲဝင်မယ်ဆိုရင် ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ ဝတ်စုံတွေ အပြည့်အဝ ဝတ်ဆင်ပြီး ဝင်ဖို့လိုအပ်ပါတယ်။ အဲဒီပစ္စည်းတွေရရှိဖို့၊ ဓာတ်ခွဲပစ္စည်းကိရိယာတွေရရှိဖို့၊ ဆေးဝါးရရှိဖို့လဲ ဆေးနှင့်ဆေးပစ္စည်းထောက်ပံ့ရေး ဆပ်ကော်မတီက ကူညီဆောင်ရွက်နေပါတယ်။

နောက်တစ်ခုကတော့ သတင်းနှင့်ကျန်းမာရေးပညာပေး ဆပ်ကော်မတီအနေနဲ့ ပြည်သူလူထုတွေသိရှိနိုင်ဖို့ သတင်းစာနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်မဂ္ဂဇင်း၊ ဂျာနယ်တွေကနေ ပညာပေးနေပါတယ်။ ပြည်နယ်နှင့်တိုင်းတွေမှာလဲ လူမှာဖြစ်နိုင်တဲ့ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနဲ့ ပတ်သက်ပြီးဟောပြောပွဲတွေ လုပ်နေပါတယ်။

အဓိကကတော့ ကျွန်တော်တို့အနေနဲ့ ရောဂါကို ကျန်းမာရေးသတိရှိရှိနဲ့ ကြိုတင်ကာကွယ်ပြီးနေမယ်ဆိုလို့ရှိရင် လူတွေကိုကူးစက်ဖို့အခွင့်အရေးက တော်တော်လေးနည်းပါတယ်။ ကြက်ခြံတွေအနေနဲ့ကလဲ လူအဝင် အထွက်တွေ၊ကြက်အပြောင်းအလဲတွေ မလုပ်ဖို့အရေးကြီးပါတယ်။

မေး။ ။ဒီလိုဆိုရင် ကြက်သားချက်စားမယ်ဆိုရင်ရော ရောဂါကူးစက်မှုရှိနိုင်ပါသလား။

ဖြေ။ ။ကြက်သားကိုသေသေချာချာ ချက်ပြုတ်စားသောက်မယ်ဆိုရင်တော့ ဘယ်လိုမှ ရောဂါမကူးစက်နိုင်ပါဘူး။ ဒါပေမယ့်ကြိုတင်ကာကွယ်ရေးကိုတော့ ဆောင်ရွက်ထားရပါမယ်။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်နိုင်တဲ့ အခြေအနေတွေကို ကြက်မွေးသူတွေရော၊ ရောင်းသူတွေရော၊ သယ်ဆောင်သူတွေနဲ့ စားသုံးသူတွေပါ ပညာပေးဟောပြောမှုတွေ လုပ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာပေးဟောပြောထားတဲ့အတိုင်း ဆောင်ရန်၊ ရှောင်ရန်တွေကိုတော့ လိုက်နာဖို့လိုပါတယ်။

ကျွန်တော်တို့အနေနဲ့ကလဲဈေးမှာ ချရောင်းမယ့် ကြက်တွေကို မရောင်းခင်မှာ စည်ပင်သာယာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနတို့က သေသေချာချာ စစ်ဆေးပြီးမှ ရောင်းချခွင့်ပြုတဲ့အတွက် ပြည်သူများ အနေနဲ့ စိတ်ချလက်ချ စားသုံးနိုင်ပါတယ်။

ဝယ်ယူစားသုံးသူ အနေနဲ့ကလဲ မိမိ ဝယ်ယူစားသုံးမယ့် ကြက်ဟာ ရောဂါရှိမရှိ စစ်ဆေးနိုင်ပါတယ်။ အမောက်မှာ သွေးခြည်ဥနေသလား၊ မျက်နှာတွေ ရောင်နေသလား၊ ခြေထောက်မှာ၊ ကလီစာတွေမှာ သွေးခြည်ဥတွေဖြစ်တဲ့အနီစက်၊ အနီပြောက်တွေ ရှိသလားဆိုတာ ကြည့်ရှုဝယ်ယူစားသုံးနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ အိမ်ထောင်ရှင်မတွေပါပဲ။ အိမ်ရှင်မတွေ အနေဖြင့် ကြက်ကိုကိုင်ပြီး ကိုင်လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးရပါမယ်။ သွေးတွေဘာတွေ မိမိကိုယ်ကို မစဉ်အောင် ခုတ်ဖြတ်ရပါမယ်။ ကြက်သားကိုလဲ အခြားပစ္စည်းတွေနဲ့ ရေခဲသေတ္တာထဲမှာ ရောမထားပါနှင့်။ လတ်လတ်ဆတ်ဆတ် ဝယ်ယူချက်ပြုတ်စားပါ။ **နိုင်ငံတကာ အတွေ့အကြုံအရရော၊ ကျွန်တော်တို့ နိုင်ငံရဲ့အတွေ့အကြုံအရရော ကြက်သား စားသုံးသူတွေမှာ ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားတာ မတွေ့ရသေးပါဘူး** လို့ ပြောကြားလိုပါတယ်ဟု ရှင်းလင်းပြောကြားသည်။ ။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၂-၂၀၀၄)ရက်နေ့
၂၀၀၄ ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့ နှင့်
(၂၈-၃-၂၀၀၄)ရက်နေ့

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဗိုလ်လု ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်အားပေး ပြီးဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသား(အလွတ်တန်း) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဇော်ဇော်လတ်၊ ဒုတိယထူးမော်၊ ပူးတွဲတတိယမင်းမင်းနှင့်မန်းလျှံစိန်တို့က ရရှိသည်။ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဇော်ဇော်လတ်နှင့်ထူးမော်အတွဲ၊ ဒုတိယခင်မောင်ဝင်းနှင့်သက်လွင်၊ ပူးတွဲတတိယကျော်စံဝင်းနှင့်မင်းမင်းအတွဲ၊ အေးထွန်းနှင့်အောင်မိုးတို့ရရှိသည်။

အမျိုးသမီး(အလွတ်တန်း) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမမအေးမီထွန်း၊ ဒုတိယကြည်မြဇော်၊ တတိယလာထန်ဗွီးတို့ရရှိသည်။

အမျိုးသား (၃၅)နှစ်အထက် တစ်ဦးချင်းပထမကျော်စံဝင်း၊ ဒုတိယဇော်လင်းနိုင်တို့ရရှိပြီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမကျော်စံဝင်းနှင့်အေးထွန်းအတွဲ၊ ဒုတိယဇော်ဇော်နှင့်တင်အောင်လင်းအတွဲတို့ရရှိသည်။

အမျိုးသား (၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမခင်ဝင်း၊ ဒုတိယအောင်မိုးတို့ရရှိပြီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမခင်ဝင်းနှင့်တင်မောင်လွင်အတွဲ၊ ဒုတိယအောင်မိုးနှင့်အောင်မြင့်အတွဲတို့ရရှိကြသည်။

တစ်ဦးချင်း

အမျိုးသား (၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမမောင်မောင်လေး၊ ဒုတိယဟားဘတ်တို့ရရှိပြီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမမောင်မောင်လေးနှင့်ခင်မောင်ဝင်းအတွဲ၊ ဒုတိယကျော်မြင့်နှင့်ဟောက်ခိုပေါင်အတွဲတို့ရရှိကြသည်။

အမျိုးသား (၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဟားဘတ်၊ ဒုတိယကျော်မြင့်တို့အသီးသီးရရှိကြသည်။

အကောင်းဆုံး

၂၀၀၄ခုနှစ် အကောင်းဆုံး အမျိုးသားအားကစားသမားဆုကို ဇော်ဇော်လတ်ကရရှိသွားသည်။

(မြန်မာ့အလင်း)

၂၀၀၄ ခုနှစ် အမျိုးသမီး (အလွတ်တန်း) တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ မအေးမီထွန်းအား ဆုယူအပြီး တွေ့ရစဉ်။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ် အကောင်းဆုံး အမျိုးသား တင်းနစ်အားကစားသမားဆုရဇော်ဇော်လတ်အားဆုယူ အပြီးတွေ့ရစဉ်။

(မြန်မာ့အလင်း)

ဥပဒေဌာနပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတွင် ၁၉၇၄ မှ ၁၉၇၉ အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၀ရက်(စနေနေ့) နံနက် ၁၀နာရီတွင် တက္ကသိုလ်ဓမ္မာရုံတွင် ကျင်းပရန် စီစဉ်ထားသည်။ အလှူငွေများကို ဦးခင်မောင်လေး ဖုန်း-၀၁-၂၅၀၆၉၉ နှင့် ၀၉-၅၀၀၅၀၈၁၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၂၈၃၉၄၄၊ ဦးမြဟန် ဖုန်း-၀၉-၅၀၂၀၉၈၁၊ ဒေါက်တာ တင်မေထွန်း ဖုန်း- ၀၉-၅၀၂၀၅၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။
(˚1˚) Personal Computer Intel Pentium IV
1.8 GH z 40 GB HDD 128 MB SD RAN 15 " Monitor
(˚2˚) Laserjet Printer A_4
(˚3˚) Type Writer(Myanmar-18")
(˚4˚) Plain Paper Copier Machine A-3
(˚5˚) Note Book Computer 800 MH z, HDD.128 MB
155 B, CD, IAN, Fax 13.3 TFT
(˚6˚) LCD Data Projector
(˚7˚) Projection Screen(70"x70")
(˚8˚) Motorcycle

၂။ တင်ဒါပေးသွင်းမှုကို ၃-၃-၂၀၀၄ရက် ၁၆:၃၀ နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဖေဖော်ဝါရီ ၂၆ ရက်က စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲဆုပေးပွဲတွင် စွယ်စုံ တံခွန်စိုက်ဆုရရှိသော လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထိန်က ဆုဖလား ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

သထုံမြို့နယ် ကျိုက်ထော်၊ အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲနှင့်ရွှေရတုခန်းမဖွင့်ပွဲ
ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျိုက်ထော်အခြေခံပညာအထက်တန်း ကျောင်း၏ မြတ်ဆရာပူဇော်ပွဲနှင့်ရွှေရတုခန်းမဖွင့်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ် အရကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ဆင်နွှဲကြပါရန် နွေးထွေးစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ - ၂၇-၃-၂၀၀၄၊ ညနေ
ရွှေရတုခန်းမဖွင့်ပွဲ - ၂၈-၃-၂၀၀၄၊ နံနက်

ကျောင်းသား/ကျောင်းသူဟောင်းများအတွက် ၂၆-၃-၂၀၀၄ ရက် ည မီးရထားဖြင့် ရန်ကုန်မြို့မှ လာရောက်နိုင်ရန်စီစဉ်ထားပါသည်။

ဆက်သွယ်စုံစမ်းလှူဒါန်းရန်-
၁။ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွှမ် ဖုန်း-၂၉၅၅၀၀
၂။ ဒေါက်တာတင့်ဇော်ဦး ဖုန်း-၀၉-၅၀၀၀၉၆၅/၂၂၉၈၉၇

ကျင်းပရေးကော်မတီ။

စူပါပါဝါအင်ဂျင်ဝိုင်ရောင်းအားမြှင့်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဘဂျမ်းအင်ဘရားသားစ်ကုမ္ပဏီလီမိတက်နှင့်မြန်မာနယူးစတားဂရု(ပ်)မှ တင်သွင်းသော (U.A.Eနိုင်ငံထုတ်) Super Power Lubricants ၏ ဒုတိယအကြိမ်မြောက် မိတ်ဆုံစားပွဲ၊ ရောင်းအားမြှင့်ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ) ဦးဘဂျမ်းက အဖွင့်နှုတ်ခွန်းဆက် စကားပြောကြားပြီး ရောင်းအား အကောင်းဆုံး ရောင်းချပေးခဲ့သော ကိုယ်စားလှယ်များအား ဆုချီးမြှင့်ရာ ပထမဆုကို တောင်ကြီးမြို့ စာရေးကြီးကားပစ္စည်းဆိုင်မှ လည်းကောင်း **(အောက်ဝဲပုံ)**၊ ဒုတိယဆုကို ကိုစိုးမြင့်ထွန်း (ဆင်မလိုက်ကား ပစ္စည်းဆိုင်)မှ လည်းကောင်း၊ တတိယဆုကို HHH အင်ဂျင်ဝိုင် ရောင်းဝယ်ရေး(တာမွေ)မှ လည်းကောင်းအသီးသီး ဆုချီးမြှင့်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊နည်းဥပဒေ-၁နှင့်၂)
အင်းစိန်မြို့နယ်တရားရုံးတော်၌ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၆

နော်ခဲရယ်	ဒေါ်ပိုးညွန့်
အမှတ် ၁၉၊တန်းမြင့်ကျောင်းလမ်း	ကြည့်မြင်တိုင်ဘူတာရုံ၊
တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်	ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့။	ရန်ကုန်မြို့။
တရားလို	တရားပြိုင်

တရားပြိုင်- ဒေါ်ပိုးညွန့်(ယခုနေရပ်လိပ်စာမသိ)

တရားလို - နော်ခဲရယ်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေမှုသို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၃ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူမှ တရားလို၏စွဲချက်ကိုထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးပြီး တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မြင့်မြင့်အုန်း(တ/၂၂၈၆)
ဒုတိယမြို့နယ်တရားသူကြီး(၁) အင်းစိန်မြို့နယ်တရားရုံး။

အများသိစေရန်ကြေညာခြင်း

Ye Noos & Associatesမှ ဦးလှနိုင်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၉/မမန (နိုင်)၀၀၃၆၂၁ သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ Ye Noos & Associates ၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်ပါသည်။

ဦးလှနိုင်ဦးသည် Ye Noos & Associates ၏ ဝန်ထမ်းမဟုတ်ကြောင်းနှင့် မည်သည့်ကိစ္စအတွက်ကိုမျှ ကိုယ်စားမပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးလှနိုင်ဦးသည် Ye Noos & Associates တွင် တာဝန်ထမ်းဆောင်စဉ်က မပြီးပြတ်သေးသောလုပ်ငန်းများအတွက် Ye Noos˚& Associates နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

Ye Noos & Associates၏ လုပ်ငန်းနှင့် ပတ်သက်၍ ဦးလှနိုင်ဦးတွင် ဆက်သွယ်ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်းနှင့် ၎င်းနှင့် ဆက်ဆံလျှင်ယင်းသို့ ဆက်ဆံခြင်းသည် မိမိတို့၏တာဝန်သာလျှင်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

Ye Noos & Associates
(Law Firm & Audit Firm)
အမှတ် ၃၀(ပထမထပ်)၊ ၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁၊ ၂၀၃၀၂၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
ဇီဝဗေဒဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်း အတန်းတင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများဟာ ယခုအချိန်အခါမှာ လာမယ့်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်နေကြမှာဖြစ်တယ်။ အခုလိုကြိုတင်ပြင်ဆင်နေကြတဲ့အခါ အထောက်အကူရစေဖို့ ဥပမာမေးခွန်းများကို ဖော်ပြလိုက်ပါတယ်။ တက္ကသိုလ်ဝင်တန်း အတန်းတင်မေးခွန်းလွှာမှာ မေးခွန်းပုံစံအားဖြင့် Objectives, Short questions နှင့် Long questionsများ ပါရှိတယ်ဆိုတာ မေးခွန်းဟောင်းများကို လေ့လာတဲ့အခါ တွေ့ရှိကြပါလိမ့်မယ်။ Objectives အမျိုးအစားမှာဆိုရင် True/False နဲ့ Completions များ ပါဝင်တယ်။ တက္ကသိုလ်ဝင်တန်းမေးခွန်းလွှာမှာ နံပါတ်(၁)မေးခွန်းကို True/False အနေနဲ့ statements (၂၀)ပေးထားတယ်။ ဒီ statements များဟာ ဒသမတန်း Biology ဖတ်စာအုပ်မှာပါရှိတဲ့ အခန်း(၁၂)ခုလုံးမှ ဆီလျော်သလို ကောက်နုတ်မေးထားတာဖြစ်တယ်။ ဒါကြောင့် ကျောင်းသူ ကျောင်းသားများအနေနဲ့ အခန်း(၁၂)ခန်းလုံးကို သိရှိထားဖို့ လိုအပ်ပါတယ်။ True/False statements မျိုးမှာ မှန်တာလဲရှိမယ်။ မှားတာလဲရှိနိုင်တယ်။ ဒသမတန်း Biology ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျက်ထားတဲ့ ကျောင်းသားကျောင်းသူများအတွက်တော့ ခက်ခဲမှုမရှိနိုင်ဘူး။ statement တစ်ခုဟာ မိမိကျက်ထားတာနဲ့ကိုက်ညီခဲ့ရင် Trueဖြစ်မယ်။ မကိုက်ညီဘူးဆိုရင်တော့ False ဖြစ်သွားမယ်။ ဒီမှာတစ်ခု သတိပေးလိုတာကတော့ True/False အတွက် ဖော်ပြထားတဲ့ statements များဟာ ဖတ်စာအုပ်ထဲက တိုက်ရိုက်ယူထားတဲ့ statements များပါသလို အဓိပ္ပာယ်တူပေမယ့် စာကြောင်း တည်ဆောက်ပုံကွဲလွဲတဲ့ statements များလဲပါနိုင်တယ်။ စာကြောင်းတည်ဆောက်တဲ့အခါ တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ နားလည်နိုင်မယ့် English ကိုအသုံးပြုထားပြီး စာကြောင်းတည်ဆောက်ထားတာဖြစ်တာမို့ Biology အကြောင်းအရာကို နားလည်ထားရင် စာကြောင်းတည်ဆောက်ပုံ ကွဲလွဲပေမယ့် True/False ကို မှန်ကန်စွာ ဖြေဆိုနိုင်ကြပါလိမ့်မယ်။ True/False အတွက် ရမှတ်ဟာ(၂၀)ဖြစ်တယ်။ True/False statements အားလုံးကို မှန်ကန်စွာဖြေဆိုနိုင်ကြမယ်ဆိုရင် ရမှတ်(၂၀)ရပြီးဖြစ်လိမ့်မယ်။

ဒီလိုပဲ Completion အမျိုးအစားကိုတက္ကသိုလ်ဝင်တန်းမေးခွန်းလွှာမှာ မေးခွန်းနံပါတ်(၂)အနေနဲ့ Statements (၂၀)ပေးထားတယ်။ Completion အတွက်ပေးထားတဲ့ Statements များကတော့ True Statementsများပဲဖြစ်ရမယ်။ ဒီ Statement အမျိုးအစားကိုလဲ ဖတ်စာအုပ်မှာ တိုက်ရိုက်ယူထားတာ ရှိသလို စာကြောင်းတည်ဆောက်ပုံ ကွဲပြားထားပြီး မှန်တဲ့ Statement လဲရှိမယ်။ ဒီ Completion Statements များမှာတော့ အလျဉ်းသင့်သလို Statement ကို ကွက်လပ်ထားမှာဖြစ်တယ်။ ကွက်လပ်ထားတဲ့နေရာဟာလဲ မှန်ကန်တဲ့စာလုံးကို ဖြည့်စွက်ပေးနိုင်အောင် အရိပ်အမြွက်ပြထားပြီးဖြစ်တယ်။ ဒီမှာ အထူးသတိထားရမှာကတော့ ချန်ထားတဲ့ကွက်လပ်မှာ မှန်ကန်တဲ့စာလုံးကို စာလုံးပေါင်းမှန်မှန်ကန်ကန်ပေါင်းထားတတ်ရမယ်။ စာလုံးမှန်ပြီး စာလုံးပေါင်းမှားနေခဲ့လို့ရှိရင် ရသင့်ရထိုက်တဲ့ အမှတ်ပြည့်ရမှာ မဟုတ်ဘူး။ Completion statements များကိုလဲ Statement တစ်ခုကိုတစ်မှတ်စီ သတ်မှတ်ထားတာကြောင့် Completionရဲ့ရမှတ်ဟာ (၂၀)ဖြစ်တယ်။ဒါကြောင့် objectives များဖြစ်တဲ့ နံပါတ်(၁) True/Falseနဲ့ နံပါတ် (၂) Completion ကို မှန်မှန်ကန်ကန်ဖြေဆိုသွားကြမယ်ဆိုရင် ကျောင်းသူ/ကျောင်းသားများအနေနဲ့ အောင်မှတ်(၄၀)ကို ရရှိပြီးဖြစ်မယ်။ ဒါကြောင့် လွယ်လွယ်နဲ့ရနိုင်တဲ့အောင်မှတ်ကို မလွတ်တမ်းဖြစ်ရအောင် သင်ရိုးကုန်ကျက်မှတ်ကြပါလို့ အထူးသတိပေးလိုက်ပါတယ်။

မေးခွန်းတိုနဲ့ မေးခွန်းရှည်များအနေနဲ့ မေးခွန်းနံပါတ်(၃) Two marks၊ မေးခွန်းနံပါတ်(၄) Four marks နဲ့ မေးခွန်းနံပါတ်(၅) Eight marks တို့ဖြစ်တယ်။ မေးခွန်းနံပါတ်(၃)အနေနဲ့ (၆)ပုဒ်ပေးထားပြီး (၆)ပုဒ်လုံးဖြေဆိုရမှာဖြစ်တယ်။ဒါကြောင့်(၁၂)မှတ်ရရှိမယ်။မေးခွန်းနံပါတ်(၄)အနေနဲ့ (၅)ပုဒ် ပေးထားပြီး (၄)ပုဒ်ဖြေဆိုရမှာဖြစ်တယ်။ အဲဒီတော့ မေးခွန်းနံပါတ်(၄)အနေနဲ့ (၁၆)မှတ်ရရှိမယ်။ မေးခွန်းနံပါတ်(၅)ကတော့ (၈)မှတ်တန်အမျိုးအစားဖြစ်ပြီး (၆)ပုဒ်ပေးထားတဲ့အထဲက(၄)ပုဒ် ဖြေဆိုရမယ်။ အဲဒီတော့ မေးခွန်းနံပါတ်(၅)အတွက် (၃၂)မှတ်ရရှိမယ်။ အားလုံးစုစုပေါင်း ပြန်တွက်ကြည့်မယ်ဆိုရင်–

မေးခွန်းနံပါတ်(၁)	–	၂၀ မှတ်
မေးခွန်းနံပါတ်(၂)	–	၂၀ မှတ်
မေးခွန်းနံပါတ်(၃)	–	၁၂ မှတ်
မေးခွန်းနံပါတ်(၄)	–	၁၆ မှတ်
မေးခွန်းနံပါတ်(၅)	–	၃၂ မှတ်
ပေါင်း	–	၁၀၀ မှတ်

မေးခွန်းနံပါတ်(၁)(၂)(၃)တို့မှာ ရွေးချယ်ပိုင်ခွင့်မရှိဘူး။ မေးခွန်းနံပါတ်(၄)နဲ့ မေးခွန်းနံပါတ်(၅)မှာ ရွေးချယ်ခွင့်ပေးထားတယ်။ မေးခွန်းနံပါတ်(၃)နဲ့(၄)မှာပါတဲ့ Short questionsများဟာ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများမှ ကောက်နုတ်မေးထားတာဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကို အလွတ်ကျက်မှတ်ခြင်းထက် နားလည်သဘောပေါက်အောင် လေ့လာကျက်မှတ်မှသာ မေးခွန်းတိုများကို ဖြေဆိုနိုင်မှာဖြစ်တယ်။ ဒါကြောင့် တက္ကသိုလ်ဝင်တန်း Biology ဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများဟာ ဒသမတန်းပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကို သေချာစွာလေ့လာပြီး နားလည်သဘောပေါက်အောင် လေ့လာကျက်မှတ်ကြပါလို့ ဆရာမအနေနဲ့ ပြောကြားလိုပါတယ်။

အခုဆက်လက်ပြီး objectivesများနဲ့ပတ်သက်၍ ဒသမတန်း Biology ဖတ်စာအုပ်မှ အလျဉ်းသင့်သလို Statements များကို ကောက်နုတ်ပြီး Statement တစ်ခုကို True/False အတွက် True ဖြစ်နိုင်သလို False ဖြစ်သွားအောင် ဘယ်လိုလုပ်နိုင်တယ်ဆိုတာ ဖော်ပြတဲ့အပြင် ၎င်း Statement ကိုပဲ ကွက်လပ်ခံတဲ့အခါ ဆီလျော်အောင် ဘယ်လိုကွက်လပ်ချန်နိုင်တယ်ဆိုတာ အဖြေများနဲ့တကွ ဆက်လက်ဖော်ပြလိုက်ပါတယ်။

1. The underground root system is made up of the main root and the lateral roots.(True)
   The underground shoot system is made up of the main root and the lateral roots. (False)
   The underground -------- system is made up of the main root and the lateral roots.(root)
   The underground root system is made up of the ------- root and the lateral roots.(main)
   The underground root system is made up of the main root and the -------- roots. (lateral)

2. Animals either feed on the organic compounds synthesized by plants or on animals that feed on the plants.(True)
   Animals neither feed on the organic compounds synthesized by plants nor on animals that feed on the plants.(False)
   Animals either feed on the ------- compounds synthesized by plants or on animals that feed on the plants.(organic)
   Animals either feed on the organic compounds synthesized by ------- or on animals that feed on the plants.(plants)
   Animals either feed on the organic compounds synthesized by plants or on ------- that feed on the plants.(animals.)

Objectives များကို ဥပမာပေးထားပြီးတော့ မေးခွန်းတိုမေးခွန်းရှည်များကို ဆက်လက်ရှင်းလင်းသွားပါ့မယ်။ မေးခွန်းမှာပုံပေးထားပြီး အညွှန်းနဲ့အကြောင်းအရာကို မေးတဲ့မေးခွန်းမျိုးဖြစ်နိုင်သလို ပုံမပေးထားဘဲ ပုံဆွဲစေပြီး အကြောင်းအရာမှ ကောက်နုတ်ရေးခိုင်းတဲ့မေးခွန်းမျိုး၊ ဒါ့အပြင် ပုံမပါဘဲအကြောင်းအရာ သက်သက်သာ ဖြေဆိုခိုင်းတဲ့မေးခွန်းမျိုး စသည်တို့ဖြစ်တယ်။ ပုံပေးထားပြီး အကြောင်းအရာနဲ့ အညွှန်းကို ဖြေဆိုခိုင်းရင် ပေးထားတဲ့ပုံကို အဖြေလွှာတွင် လုံးဝ ပြန်လည်မကူးဆွဲရဘူး။ အညွှန်းများကို နံပါတ်စဉ်အလိုက်သတ်မှတ်ထားတဲ့အတိုင်း အဖြေလွှာစာအုပ်မှာရေးပြီး နံပါတ်နဲ့ကိုက်ညီတဲ့အညွှန်းကို ဖော်ပြရမယ်။ ခေါင်းစဉ် Caption ကို တောင်းလာရင်လဲ ပုံရဲ့ခေါင်းစဉ်အမည်ကို အဖြေလွှာစာအုပ်မှာ ဖော်ပြရမယ်။ ပုံနဲ့သက်ဆိုင်ပြီး မေးထားတဲ့အကြောင်းအရာကိုလဲ အဖြေလွှာစာအုပ်မှာဖြေဆိုရမှာဖြစ်တယ်။

အကြောင်းအရာနဲ့ပုံဆွဲစေတဲ့ မေးခွန်းအမျိုးအစားဆိုရင် မေးခွန်းမှာသတိထားရမယ့် စကားလုံးတွေကတော့ အမည်ကိုပဲ ဖော်ပြခိုင်းစေချင်ရင် Name သို့မဟုတ် List လို့မေးခွန်းမှာစတင်မေးထားလိမ့်မယ်။ အမည်ရော အကြောင်းအရာပါ ဖော်ပြစေချင်ရင် Name and state သို့မဟုတ် List and state လို့မေးခွန်းအစမှာ ဖော်ပြထားလိမ့်မယ်။ အကြောင်းအရာပဲဖြေခိုင်းပြီး ပုံမဆွဲစေချင်ရင်မေးခွန်းရဲ့နောက်မှာ Illustration not essential သို့မဟုတ် Illustration not necessary လို့ဖော်ပြထားမှာ ဖြစ်တယ်။ ပုံနဲ့တကွ ဖြေဆိုစေချင်ရင်တော့ မေးထားတဲ့အကြောင်းအရာကို with a relevant diagram, with relevant diagrams, supported by a relevant diagram လို့ ဖော်ပြထားပြီး မေးလာနိုင်တယ်။ မေးခွန်းများ ထုတ်တဲ့အခါ မည်ကဲ့သို့သော မေးခွန်းမျိုးမဆို အမှတ်ပေါ်မူတည်ပြီး မေးလိုတဲ့အကြောင်းအရာမှ ကောက်နုတ်မေးနိုင်ပါတယ်။ အကယ်၍ သင်ခန်းစာကို ကြက်တူရွေးကဲ့သို့ ကျက်ထားမယ်ဆိုရင်တော့ အကြောင်းအရာမှ ကောက်နုတ်မေးတဲ့မေးခွန်းမျိုးကို အကြောင်းအရာသိထားပေမယ့် ဘယ်လိုကောက်နုတ်ဖြေဆိုရမယ်ဆိုတာ နားလည်နိုင်မှာ မဟုတ်ဘူး။ ဒီမှာ အရေးကြီးဆုံးအချက်ကတော့ သင်ခန်းစာများကို ကျက်မှတ်တဲ့အခါ နားလည်သဘောပေါက်အောင် ကျက်မှတ်ထားဖို့ လိုအပ်တယ်ဆိုတာပဲ ဖြစ်တယ်။ မေးခွန်းအစမှာ Tabulateလို့ပြောလာခဲ့ရင် ဖတ်စာအုပ်ထဲမှာပေးထားတဲ့အတိုင်း ဇယားနဲ့ဖြေဆိုရမယ်။ ဖတ်စာအုပ်ထဲမှာ ပေးထားတဲ့အကြောင်းအရာကို မေးခွန်းမှာ Tabulateနဲ့မစဘဲ State နဲ့ စထားခဲ့ရင်တော့ ဇယားကွက်ထဲမှ အဖြေကိုကောက်နုတ်ပြီး ဇယားမပါဘဲ ဖြေဆိုရမယ်။

ဒီကနေ့ပို့ချတဲ့ သင်ခန်းစာမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ပြင်ဆင်နေကြတဲ့ ကျောင်းသူ ကျောင်းသားများ အကျိုးရှိရှိ ကျက်မှတ်နိုင်အောင် ရှင်းလင်းဖော်ပြထားတာကြောင့် ဒီသင်ခန်းစာကို ဂရုတစိုက်လေ့လာထားတဲ့ ကျောင်းသူ ကျောင်းသားများအနေနဲ့ မိမိတို့ရဲ့ သင်ခန်းစာများကို လေ့လာကျက်မှတ်တဲ့အခါ များစွာအထောက်အကူပြုလိမ့်မယ်လို့ ခြွင်းချက်မရှိ ယုံကြည်ပါတယ်။ အောင်မြင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီကနေ့ပို့ချချက်ကို ဒီမှာပဲရပ်နားလိုက်ပါတယ်။ ။



ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသောဆရာတော်များ ဂုဏာပူဇာသဘင်အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)မဟာအောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တပညိန္ဒာဘိဝံသသည် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တော်ကို လည်းကောင်း၊ မွန်ပြည်နယ်ဘီးလင်းမြို့နယ်ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဒီပ (ကျိုက်ထီးဆောင်း)သည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကို လည်းကောင်း၊ မွန်ပြည်နယ်ရှိမြို့နယ်များမှ ဆရာတော် ၁၇ ပါးနှင့် သီလရှင် ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ အသီးသီးဆက်ကပ်ခံရသည့်အတွက် မွန်ပြည်နယ်ရှိ မြို့နယ်များမှစုပေါင်း၍ မြို့နယ်သူ၊ မြို့နယ်သားများနှင့် ဒါယကာ၊ ဒါယိကာမများက ပူဇော်သော ဂုဏာပူဇာသဘင်ကို မတ် ၆ ရက် ညနေ ၄နာရီတွင် မော်လမြိုင်မွှာရုံ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အောက်ပစ္စယာ၌ ကျင်းပမည်ဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ညောင်တုန်းမြို့တွင်ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၂၀

အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပဏ္ဍိတာရာမ ဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသအား ညောင်တုန်းမြို့နယ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိပထမပြန် စာမေးပွဲအသင်း၏ ဂုဏ်ပြုပူဇော်ပွဲကို တရားဟောမဏ္ဍပ်ကြီးတွင် ဖေဖော်ဝါရီ ၁၄ ရက်ညက ခမ်းနားသိုက်မြိုက်စွာကျင်းပသည်။ **(အပေါ်ဝဲပုံ)**

ပူဇော်

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဥတ္တမာစာရထံမှ ငါးပါးသီလ ခံယူကြပြီး ပူဇော်ပွဲသဘင်ဖွင့်လှစ်ခြင်းစာတမ်း၊ သုတိမင်္ဂလာဂုဏ်ထောမနာရစနာဂါထာ၊ပူဇော်ပွဲကျင်းပရခြင်းအကြောင်း၊ ဆရာတော်၏ ထေရုပ္ပတ္တိ ဂုဏထောမနာစာတမ်းတို့ကို ရန်ကုန်ကျောင်းတိုက်ဆရာတော် ကထိကအရှင်ဇဋိလသာရ၊ အသင်းဥက္ကဋ္ဌ ဦးကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆိုင်၊ တွဲဖက်အကျိုးတော်ဆောင် ဦးလှမျိုး၊ ဦးဟန်ထွန်းတို့က ဂုဏ်ပြုဖတ်ကြားလျှောက်ထားကြပြီး တေးသံရှင်များက တေးထပ်ရတုပိုဒ်စုံများဖြင့် သီဆိုဂုဏ်ပြုပူဇော်ကြသည်။

ရေစက်ချ

ထို့နောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသက ပဋိသန္ထာရစကားမြွက်ကြားကာ ရန်ကုန်မြို့ အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏနန္ဒကရေစက်ချတရားဟောကြားခဲ့ကြကြောင်း သိရသည်။ **(ဝ၉၈)**

ဟီတာချီနည်းပညာသစ် ရှင်းလင်းတင်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

Kapper Co., Ltd. နှင့် Shwe Bogyi Co., Ltd. တို့ ပူးပေါင်း၍ Hitachi Air°-Con Split Type အမျိုးအစားမှ နည်းပညာသစ်ဖြစ်သော LED မီးလုံးနှစ်လုံးသုံး၍ UV အလင်းရောင်ဖြည့် ပိုးမွှားသန့်စင်သည့် UV Air Cleaner နည်းသစ် ရှင်းလင်း တင်ပြပွဲကို ထရိတ်ဒါး ဟိုတယ်၌ ဖေဖော်ဝါရီ ၂၄ရက် ညနေက ကျင်းပသည်။

အခမ်းအနားတွင် ဟီတာချီကုမ္ပဏီ အထွေထွေမန်နေဂျာ Mr. Masanori Iwanaga က ရှင်လင်းပြောကြားပြီး **(အောက်ပုံ)** နောက်တက်ရောက်လာကြသော အရောင်းကိုယ်စားလှယ်များအား ထပ်မံအသစ်ရောက်ရှိလာသော လေအေးစက်များကို ရှင်းလင်းပြသည်။

၎င်းနောက် တက်ရောက်လာသော အရောင်းကိုယ်စားလှယ်များကို ကံစမ်းမဲများဖောက်ပေးပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(က-ပ)**

ကန်တော်ကြီးရေကန်ရေပိုမိုသိုလှောင်ရေး တာပေါင်မြှင့်တင်ဖို့ထား

မောင်တော ဖေဖော်ဝါရီ ၂၀

ရခိုင်ပြည်နယ် မောင်တောမြို့တွင်ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွှန့်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းဖောက်လုပ်မှုနှင့် လမ်းဘေးရေမြောင်းများ ဖောက်လုပ်မှုကို စစ်ဆေးကြသည်။

ဆက်လက်၍ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသည့် စည်ပင်သာယာရေး အဖွဲ့ရုံးအတွင်း ပန်းပင်များနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်စိုက်ပျိုးထားမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး ပန်းအလှပင်များတိုးချဲ့စိုက်ပျိုးရေးနှင့် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကန်တော်ကြီး ရေကန်ရေပေးရေးလုပ်ငန်းမှ ရေပိုမိုသိုလှောင်နိုင်ရေး တာပေါင်မြှင့်တင်ဖို့ထားခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

စိန်ရတနာနာရေးကူညီမှုအသင်းအလှူငွေလက်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အင်းစိန် ကမ်းနားအလယ်ရပ်ကွက်မှ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကမ်းနားအလယ်ရပ်ကွက် ကံသာကျောင်း အောင်ဇေယျာလင်္ကာရမွှာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးမြသင်း၊ ဒုတိယဥက္ကဋ္ဌဦးအေးသိန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းဟန်တို့က နာရေးကူညီမှုအသင်းနှင့်ပတ်သက်သည်များ ရှင်းလင်းတင်ပြပြီးဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်က အလှူငွေရရှိမှုအခြေအနေကို တင်ပြကြသည်။

ထို့နောက် အလှူငွေပေးအပ်ကြရာ (ဦးချစ်သောင်း)အား ရည်စူး၍ဒေါ်ကျင်မြင့်မိသားစု(ဝက်မကြာဆန်)က ကျပ်ငါးသိန်း**(အပေါ်ပုံ)**နှင့် အလှူရှင် ၁၇ ဦးတို့က တစ်ဆယ့် ကိုးသိန်းခြောက်သောင်းတို့ကို လှူဒါန်းကြရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့များက လက်ခံရယူကြသည်။ အဆိုပါ စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်)က မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အလှည့်ကျ အလှူငွေပေးအပ်ပွဲ ကျင်းပမည်ဖြစ်သည်။ **(ဝ၄၆)**

မော်တော်ယာဉ်အသင်း နှစ်ပတ်လည်စည်းဝေး

သနပ်ပင် ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်း သနပ်ပင်မြို့ အခြေခံမြို့ပြကားလေး မော်တော်ယာဉ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၃နာရီက သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိန်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက်အသင်းဥက္ကဋ္ဌဦးအောင်ဝင်း၊ အတွင်းရေးမှူး ဦးတင်အုန်း ပါဝင်သော အမှုဆောင်ကိုးဦးအား ရွေးချယ်တင်မြှောက်ကြပြီး အခြေခံမြို့ပြကားလေး မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။**(ဝဲပုံ)** **(၃၄၇)**

ဂရင်းရွိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲအောင်မြင်စွာပြီးစီး

GOLF TOURNAMENT
GRAND ROYAL
SPECIAL RESERVE

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများနှင့် ကလပ်အသင်းများ ဂေါက်သီးရိုက် အားကစား အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် International Beverages Trading Co.,Ltd. က ကြီးမှူး၍ ၂၀၀၃-၂၀၀၄ ခုနှစ် ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Tournament 2003-2004)ကို မြို့ကြီးငါးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်သည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးပွဲစဉ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်၌ ရွှေမန်းတောင် ဂေါက်ကလပ်တွင် ကျင်းပရာပထမဆုကို ဦးဝင်းဆွေ၊ ဒုတိယဆုကို ဦးခင်မောင်ဌေး၊ တတိယဆုကိုဦးသိန်းမြင့်တို့က ရရှိကြသည်။ မန္တလေးပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၂၂၆ဦးပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၇ဆုချီးမြှင့်ခဲ့သည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပုဂံပွဲစဉ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ ရက်၌ ပုဂံဂေါက်ကလပ်တွင် ကျင်းပရာ ပထမဆုကို ဦးကျော်ကိုဦး၊ ဒုတိယဆုကို ဦးအောင်မြင့်၊ တတိယဆုကို ဦးထက်ဝေဖြိုးတို့က ရရှိကြသည်။ ပုဂံပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၇၆ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၅ဆု ချီးမြှင့်ကြသည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကြီးပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ ရက်၌ အေးသာယာ ဂေါက်ကလပ်တွင် ကျင်းပရာ ပထမဆုကို ဦးရွှေထွန်း၊ ဒုတိယဆုကို ဦးစိုင်းစံတစ်၊ တတိယဆုကို ဦးခွန်ဖေထွေးတို့က ရရှိကြသည်။ တောင်ကြီးပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၇ဆုချီးမြှင့်ခဲ့သည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်၌ မြို့တော်ဂေါက်ကွင်းတွင် ကျင်းပရာ ပထမဆုကို ဗိုလ်မှူးခင်ဇော်ဝင်း၊ ဒုတိယဆုကို ဦးကျော်မိုးဌေး၊ တတိယဆုကို ဦးစည်သူတို့ကရရှိကြသည်။ Hole in One ဆုကို ဦးသန်းဝင်းထွဋ်က ကျင်းအမှတ် (၁၁)တွင် ရရှိသည်။ ရန်ကုန်ပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၂၅၉ ဦး ပါဝင် ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၈ ဆုချီးမြှင့်ခဲ့ကြသည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ထားဝယ်ပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၃၁ရက်နှင့် ဖေဖော်ဝါရီ၁ရက်၌ ထားဝယ်ဂေါက်ကွင်းတွင်ကျင်းပရာ ပထမဆုကို ဦးစိုးသိန်း၊ ဒုတိယဆုကို တပ်ကြပ်ကြီး မောင်မြ၊ တတိယဆုကို ဦးကျော်စွာတို့က ရရှိကြသည်။ ထားဝယ်ပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၆၆ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း၁၇ဆုချီးမြှင့်ကြသည်။

ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Per ဆု၊ Most Birdies ဆု၊ Hole in One ဆုနှင့် နှစ်သိမ့်ဆုများလည်း ချီးမြှင့်ခဲ့သည်။ မြို့ကြီးငါးမြို့ ပြိုင်ပွဲငါးခုတွင် ပြိုင်ပွဲဝင်ဦးရေ ၇၅၃ ဦးပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၈၄ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(က-ပ)**



လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများတက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ လုပ်သားများလုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) အခြေခံ တွင်ခုံ၊ ဖောက်ခုံ အတတ်ပညာသင်တန်း၊
(ခ) အခြေခံ ဂဟေဆက်အတတ်ပညာသင်တန်း၊
(ဂ) အခြေခံ လျှပ်စစ်အတတ်ပညာသင်တန်း၊
(ဃ) ကြီးကြပ်ရေးမှူးသင်တန်း၊

၂။ သင်တန်းတက်ရောက်လိုသူများသည် မိမိတို့၏ ကိုယ်ရေးရာဇဝင်များနှင့်အတူ ဦးအေးကြည် ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ၅၀၄/၅၀၆ ကုန်သည်လမ်း၊ ဖုန်း–၂၄၁၉၁၉ သို့ လာရောက်စာရင်း ပေးသွင်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာတန် ၁၀၀၀ကို ပုံးဖြင့်ဖြစ်စေ၊3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၄–၃–၂၀၀၄နေ့ ၁၆:၀၀နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင်ကျပ် ၅၀၀ (ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေး ထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်
ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ် ည/၃၂၃၅ ယာဉ်လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
ဦးမိုးသူရ(ခ)မောင်မောင်(ခ)
Charly
အသက်(၄၀)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ–ဆရာမကြီးဒေါ်ကြည်ကြည်၏သား၊မသော်တာလွင်(ဘုတ်ဘုတ်)၏ ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်ဒေါ်မိုးစန္ဒာ၏မောင်၊ရာသက်ပန် အသင်းဝင် ဦးမိုးသူရ (B.Sc Physics) သည် ၂၂–၂–၂၀၀၄ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၂–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဟာဂျီအဗ္ဗဒူလ်ဟစ်(ခ)
ဟာဂျီဦးအောင်သိန်း
အသက်(၇၅)နှစ်

မန္တလေးမြို့၊ စစ်ကိုင်းတန်းရပ်နေ ဟာဂျီဦးဘထွန်း–ဟာဂျီမဒေါ်ရင်တို့၏သား၊ တိုက်တန်း သပြေဝင်းအတွင်းနေ ဟာဂျီဦးအီဗရာဟင်ဆယ်ဒူး–ဟာဂျီမဒေါ်ပရ်ယမ်တို့၏သားသမက်၊ ရန်ကုန်မြို့မင်္ဂလာတောင်ညွှန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၁ လမ်း အမှတ်(၁၀၆) သုံးလွှာ(ဘီ)နေ ဟစ်နာဘီဘီ(ခ)မရီမွန်အောင်၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်စအီဒါဆယ်ဒူး(ခ)ဒေါ်ခင်မေစီ၏ ခင်ပွန်း၊ ဟာဂျီအဗ္ဗဒူလ်ဟစ် (ခ) ဟာဂျီဦးအောင်သိန်းသည် ၁၉–၂–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄:၁၅နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၀–၂–၂၀၀၄ရက်(သောကြာနေ့) ဇုဟ်ရ်နမာဇ်အပြီးအချိန်တွင် တိုက်တန်းဝင်းနေအိမ်မှတောင်မြင့်ကဘာရ်စတန်သို့ ပို့ဆောင် ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

အထက(၅) ဗိုလ်တထောင်မှ ၁၉၉၄ အပထအောင်ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကျင်းပရန်အတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(အခမ်းအနားကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်)

ဒေါ်စုစုဖေ	**ဖုန်း** –	၂၉၂၁၁၃
ဒေါ်ကြူကြူဇင်	**ဖုန်း** –	၂၉၀၃၉၄၊ ၇၂၄၆၉၆
မောင်မျိုးသိန်းထွန်း	**ဖုန်း** –	၅၇၀၅၈၄
မောင်ဖြိုးနေလင်း	**ဖုန်း** –	၀၉–၅၀၀ ၃၈၃၁
မထက်ထက်မျိုးဝေ	**ဖုန်း** –	၅၆၂၀၆၁
မောင်ကျော်ထက်မိုး	**ဖုန်း** –	၀၉–၅၀ ၁၃၁၈၃



ဒေါ်အရိန် အမှတ်တရစာစောင်/စာမူ

သာယာဝတီမြို့ ဆရာမကြီးဒေါ်အရိန် အမှတ်တရစာစောင် (ပထမအုပ်)ကို ဒေါ်အရိန်စာကြည့်တိုက် ရန်ပုံငွေအတွက် ၂၅–၁၂–၂၀၀၄နေ့ နှစ်ပတ်လည်နေ့အမီ ထုတ်ဝေဖြန့်ချိသွားရန် ရှိပါသည်။ ဒေသအသီးသီးမှ ဆရာမကြီး၏လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်များမှ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများကို အောက်ပါလိပ်စာသို့ ၃၀–၆–၂၀၀၄ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှိုးဆော်ကြေညာအပ်ပါသည်။ ရွေးချယ်သော စာမူများအတွက် ဥဏ်ပူဇော်ခ ချီးမြှင့်ပါမည်။

စာမူပို့ရန် – ဆရာတင်စိုးသိန်း (အဖွဲ့ဝင်အမှတ်–၃၃၅၅) တိုက်အမှတ် (၄၀)၊ လေးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်

ဖုန်း – ၀၁–၅၃၇၂၇၁
၀၉–၈၀–၂၁၉၄၀

ပရီမီယာကော်ဖီနှင့် တိုမိုခေါက်ဆွဲဖြန့်ဖြူးရေးအတွက်
လျှောက်လွှာခေါ်ယူခြင်း
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

စိမ်းလဲ့မြေစားသောက်ကုန်လုပ်ငန်းလီမိတက်၏ ပရီမီယာကော်ဖီနှင့် တိုမိုခေါက်ဆွဲဖြန့်ဖြူးရေးတွင် တာဝန်ထမ်းဆောင်ရန်တွက် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိကြောင်း လျှောက်လွှာခေါ်ယူအပ်ပါသည်။

(၁) Manager (Sales) ကျား (၁) ဦး

အမှတ်စဉ် (၁) ရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိသူ၊ အရောင်းဆိုင်ရာလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၅) နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။ အရောင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲ၊ အုပ်ချုပ်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၂) Manager (Marketing) ကျား/မ (၁) ဦး

အမှတ်စဉ် (၂)ရာထူးအတွက် တက္ကသိုလ်ဘွဲ့ တစ်ခုခုရရှိသူ၊ Marketingနှင့်ပတ်သက်သည့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။ ဈေးကွက်ရှာဖွေရေးကိစ္စများကို ကောင်းမွန်စွာ စီမံခန့်ခွဲ၊ အုပ်ချုပ်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၃) Accountant မ (၁) ဦး

အမှတ်စဉ် (၃) ရာထူးအတွက် B.Com, ဘွဲ့ရရှိသူ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး LCCI Level 3 လက်မှတ်ရရှိထားသူဖြစ်ရမည်။ စာရင်းအင်းနှင့်ပတ်သက်၍ အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။ စာရင်းသဘောတရားကို ကောင်းစွာ နားလည်၊ ဆောင်ရွက်တတ်သူ ဖြစ်ရမည်။ Computer အသုံးပြုတတ်ပြီး Excel ကျွမ်းကျင်သူဖြစ်ရမည်။

(၄) Merchandiser ကျား (၁၁) ဦး

အမှတ်စဉ် (၄)အတွက် လျှောက်ထားသူများသည် မြစ်ကြီးနား၊ မူဆယ်၊ လားရှိုး၊ မော်လမြိုင်၊ မိတ္ထီလာ၊ မုံရွာ၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ ပုသိမ်၊ မြိတ်စသည့်မြို့ကြီးများတွင် မိမိအစီအဉ်ဖြင့် သွားရောက်နေထိုင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနိမ့်ဆုံးပညာအရည်အချင်း ၁၀ တန်း အောင်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ ရောင်းဝယ်ရေးလုပ်ငန်းအတွေ့အကြုံရှိ၍ စာရင်းနားလည်သူဖြစ်ရမည်။ ကျန်းမာသန်စွမ်း၍ ခရီးသွားလာနိုင်သူဖြစ်ရမည်။ ဒေသခံများကို ဦးစားပေးမည်။

ရာထူးအားလုံးအတွက် လျှောက်ထားသူများသည် အသက် (၄၀) နှစ်ထက် မကြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်ကို လျှော့ပေါ့စဉ်းစားမည်။

အထက်ဖော်ပြပါ ရာထူးများအားလုံးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ လုပ်ငန်းအတွေ့အကြုံ၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ၊ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အခြားကျွမ်းကျင်မှုအတွက် အထောက်အထားများ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းအမှတ် စသည့်အချက်အလက်များကို ကိုယ်တိုင်ရေးလျှောက်လွှာတွင် ဖော်ပြ၍ အထောက်အထားမိတ္တူများကို ပူးတွဲလျက် ဤကြော်ငြာပါရှိသည့်နေ့မှ တစ်ပတ်အတွင်း အမှတ် (၁၀၈)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာ၊ (တယ်လီဖုန်းအမှတ်–၆၈၄၈၄၆၊ ၆၈၅၁၃၉၊ ၆၈၄၃၀၃)သို့ ပေးပို့လျှောက်ထားရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၁၀/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	နည်းပြအရာရှိ (ရေယာဉ်တည်ဆောက်မှုပညာဌာန)	အနိမ့်ဆုံး စက်မှု/မြို့ပြ/သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်း တက်ရောက်ရန် အဆင့်မီသူ	၃ နေရာ
(ခ)	နည်းပြအရာရှိ (ရေကြောင်းအင်ဂျင်နီယာပညာဌာန)	M.Sc (MET) Marine Engineering	၃ နေရာ
(ဂ)	နည်းပြအရာရှိ (ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာန)	အနိမ့်ဆုံးမြို့ပြ အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန်အဆင့်မီသူ	၄ နေရာ
(ဃ)	နည်းပြအရာရှိ (မြစ်ချောင်းနှင့်အဏ္ဏဝါ အင်ဂျင်နီယာပညာဌာန)	အနိမ့်ဆုံးမြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန် အဆင့်မီသူ	၃ နေရာ
(င)	နည်းပြအရာရှိ (ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်အင်ဂျင်နီယာ ပညာဌာန)	အနိမ့်ဆုံးလျှပ်စစ်စွမ်းအား/အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန် အဆင့်မီသူ	၄ နေရာ
(စ)	နည်းပြအရာရှိ (ရေကြောင်းသိပ္ပံပညာဌာန)	M.Sc (MET) Nautical Science	၅ နေရာ
(ဆ)	နည်းပြအရာရှိ (အလုပ်ရုံနည်းပညာဌာန)	အနိမ့်ဆုံးစက်မှု/လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန် အဆင့်မီသူ	၄ နေရာ
(ဇ)	လက်ထောက်အင်ဂျင်နီယာ (သင်ထောက်ကူပစ္စည်းပြုပြင် ထိန်းသိမ်းရေးဌာနခွဲ)	စက်မှုအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိသူ	၂ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၈–၃–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၃–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှု အတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင်ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၃–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၄–၄–၂၀၀၄ နေ့နှင့် ၂၅–၄–၂၀၀၄နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂–၄–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

မိတ္ထီလာမြို့ ဦးညွန့်တင်-ဒေါ်ငွေးကြည်တို့၏သား

ဗိုလ်ကြီးအောင်ဆန်းလွင် B.A (Myanmar) (တဗေ-၂၂) နှင့်

ပဲခူးမြို့ တိုင်းသမဝါယမဦးစီးဌာနဝင်းနေ

ဦးတိုးစိန်(ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းသမဝါယမဦးစီးဌာန)-ဒေါ်သန်းမြင့်တို့၏သမီး

မောင်ကျော်စည်သူ (4 th Year B.P.Sc)(MDY) ၏အစ်မ

မမေသန္တာမြင့်(ခ)ချိုသဲ B.Sc (Zoology) (ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့)

တို့သည် ၄-၂-၂၀၀၄ ရက်တွင် ရွှေဝါထွန်းဟိုတယ်ခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ခေါ်စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ဆန်းလွင်-မမေသန္တာမြင့်။

တိုက်ခန်းအမြန်ရောင်းမည်

- ဗေ(20 x 45) နှစ်လွှာ ...
- M.B.R(1) S.R (2) AIRCON (2) SOFA(1)...
- No(33/29) ...
- ဗေ(25x55) ...
- M.B.R (2) S.R (2) AIRCON (5) ...
- Ph(1) ...

ဆက်သွယ်ရန် ➔ 09-99-25305 / 09-90-64305

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းတံတားများ၊ ကုန်သိုလှောင်ရုံများနှင့် ချလန်ရုံးတို့ကို ၂၀၀၄ခုနှစ် မတ်လ ၂ရက်နေ့ တောင်သူလယ်သမားနေ့နှင့် မတ်လ ၅ ရက်နေ့ (တပေါင်းလပြည့်နေ့)တို့တွင် ပိတ်ထားလိမ့်မည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

ရောင်းမည်

မန္တလေး ကန်တော်ကြီးအနောက်ဘက် မြေကွက်များရောင်းရန်ရှိသည်။ ဆက်သွယ်ရန်ဖုန်း-၀၁-၅၇၀၅၅၆၊ ၀၉-၅၀၀၉၁၀၃

SNS

ကားငှားရန်

သင်္ကြန်တွင်းလည်ရန် Truck Car မျိုးစုံနှင့်ခရီးစဉ်မျိုးစုံအတွက် ကားများငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသူယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။ **ဖုန်း-၅၂၄၆၈၆**
၀၉-၀၈-၂၄၀၄၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	10 (T)3/MR(CMO)	(1) Eye Surgical Instruments	3 - Items
	2003-2004	(2) Surgical & Orthopaedic Minor Surgical Instruments	5 - Items
2.	12(T)30/MR(MT)	(1) Rolled Steel Locomotives Steel Tyre(Rough Tum)	784 - Nos
	2003-2004	Drg ; No.S-3214/LL	
